# ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၏
# အစီရင်ခံစာ
# (၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ)

(၁)

ဗမာပြည်တော်လှန်ရေး လက်ရှိအဆင့်ရဲ့ လတ်တလောတာဝန်မှာ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ် ထူထောင်ဖို့ ဖြစ်သည်။ ပါတီ၏ နောက်ဆုံးရည်မှန်းချက်သို့ ရောက်ရှိရန် ဤအဆင့်ကို ဖြတ်ကျော်ဖို့ လိုသည်။

ဤအဆင့်ကို ဖြတ်ကျော်ရာတွင် ပါတီက အတက်ကြွဆုံး၊ အပြတ်သားဆုံး အင်အားအဖြစ် ပါဝင်ရပေမည်။ ဆန္ဒတူညီသော အင်အားစုမှန်သမျှနှင့် စည်းစည်းလုံးလုံး ချီတက်ရပေမည်။ ဒီမိုကရေစီအရေးတော်ပုံ၏ လက်ဝဲတောင်ပံအခန်းကို ထမ်းဆောင်ရပေမည်။

ယခုတလောတွင် ဒီမိုကရေစီအရေးတော်ပုံ အတွင်း၌ အတွေးအခေါ်ရှုပ်ထွေးနေသည်။ တချို့က မူကိုစွန့်ပြီး စစ်အာဏာရှင်စနစ်ကို အလျှော့ပေးစေ့စပ်လိုသော သဘောထားအမြင်များကို ထုတ်လွှင့်နေကြသည်။ ဒါကို ပါတီက ပြတ်ပြတ်သားသား ဆန့်ကျင်ရမည်။ ဒီတချီ အလျှော့ပေးလိုက်လျှင် စစ်အာဏာရှင်စနစ်က အခြေခံဥပဒေနဲ့ အခြေကျသွားလိမ့်မည်။ မဆလ စစ်အုပ်စုတုန်းကလည်း '၁၉၇၄ ခုနှစ် အခြေခံဥပဒေ' နှင့် အခြေကျသွားခဲ့ဖူးထားပြီး ဖြစ်သည်။ ထိုသို့ အခြေကျသွားသဖြင့် ပြည်သူများ သွေးမြေကျတိုက်ပွဲဝင်ခဲ့ရပြီးပြီ။

'တော်လှန်ရေးကောင်စီ' နာမည်ဖြင့် စစ်အုပ်စုက (၁၂ နှစ်တိုင်တိုင်) အခြေခံဥပဒေတခုရအောင် ကြိုးပမ်းခဲ့သည်။ ထို 'အခြေခံဥပဒေ' ကို မိမိတို့က (၁၄ နှစ်တိုင်တိုင်) သွေးမြေကျခံကာ တိုက်ပွဲဝင်ခဲ့ရဖူးပြီ။ ဤသမိုင်းသင်ခန်းစာကို ဘယ်တော့မှ မမေ့အပ်ပါ။

(၂)

၁၉၈၈ ခုနှစ်ကသာ မိမိတို့အတွင်း 'ညီညွတ်ရေး' ရှိခဲ့လျှင် စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး ဖြစ်လိမ့်မည်။ တက်ကြွလှုပ်ရှားသူ ကျောင်းသားလူငယ်များက ရှိခိုးဦးတင် 'လူကြီးတွေ ညီညွတ်ဖို့' တောင်းပန်ခဲ့ကြသည်။ သို့သော် လူကြီးတွေ နယ်ကန်နေကြသည်။ မညီညွတ်နိုင်ကြ။ ညီညွတ်ကြလျှင် 'နဝတ' ပေါ်စရာ မရှိပါ။

ထိုစဉ်က အကြောင်းကို ပြန်ပြောချင်ပါသည်။ 'ညီညွတ်ရေး' မတည်ဆောက်နိုင်၊ 'ယာယီအစိုးရ' မဖွဲ့နိုင်ဖြစ်နေကြောင်းကို '၄၈၂၈' က ဗဟိုသို့ အစီရင်ခံသည်။ ဒေါက်တာမောင်မောင်က လေချိုသွေးနေတုန်း စစ်တပ်တွေက မာရှယ်လောရုပ်သိမ်းပြီး စစ်တန်းလျားထဲ ပြန်ရောက်နေချိန်တွင် 'ယာယီအစိုးရ' အမြန်ဆုံးဖွဲ့သင့်ကြောင်းကို 'ဗကပ' က ကြားဝင် ဖျောင့်ဖျစေ့စပ်ပေးဖို့ (ဗကပ ၏ ဗဟိုအခွင့်အာဏာရှိသူတဦး) ကို ရန်ကုန်လွှတ်ဖို့ ဆုံးဖြတ်ခဲ့သည်။

ကြားဝင်စေ့စပ်ပေးလျှင် အောင်မြင်နိုင်ပါသည်။ ဘာကြောင့်လဲဆိုတော့ လူကြီးတွေရဲ့ သဘောထားကို (၁၉၈၅ ခုနှစ် ပို့စကတ်လှုပ်ရှားမှု) ဖြင့် တီးခေါက်ကြည့်ထားပြီးဖြစ်လို့ 'ဗကပ' က သိထားပါသည်။ ဦးနုတွင် 'ရာသက်ပန်ဝန်ကြီးချုပ်' အစွဲအလမ်း ရှိနေတာကို သိထားပြီး ဖြစ်သည်။ ဤအစွဲအလမ်းရှိနေတာ သဘာဝကျသည်။ သူ့ဆီက နေဝင်း လုသွားသော 'အာဏာ' ကို သူပဲ ပြန်ရသင့်သည်။ လုသွားတာ '၂၆' နှစ် ရှိပေမယ့် ပြန်ပေးလျှင် သူပဲရသင့်ပါသည်။ မိမိတို့က '၁၆' နှစ် ရှိပြီဖြစ်သော 'ရွေးကောက်ပွဲ အောင်မြင်မှု' ကို အခုအထိ ပြောဆိုနေရတာနဲ့ နှိုင်းယှဉ်ကြည့်သင့်ပါသည်။ ဦးနုက ရွေးကောက်ပွဲနိုင်ရုံမက အာဏာကိုပါ နေဝင်းဆီက ပြန်ရပြီး ဝန်ကြီးချုပ် (၂ နှစ်လောက်) လုပ်ခဲ့တာ ဖြစ်သည်ဆိုတာကို သတိပြုသင့်ပါသည်။

'ယာယီအစိုးရ' ကလည်း အာဏာကို ၆ လ တနှစ်ပဲ ကိုင်ထားရမှာ ဖြစ်သည်။ သူ့တာဝန်က ရွေးကောက်ပွဲလုပ်ပေး – လွှတ်တော်ခေါ်ပေး – အာဏာလွှဲပေးဖို့ပဲ ဖြစ်သည်။ ဦးနုကလည်း လုပ်ပေးမှာ ဖြစ်သည်။ ဦးနုခေါင်းဆောင်တဲ့ 'ယာယီအစိုးရ' ထဲ ဗိုလ်အောင်ကြီး ပါချင်မှ ပါလိမ့်မည်။ 'ပို့စကတ်လှုပ်ရှားမှု' လုပ်တုန်းက သူ့ရဲ့တုံ့ပြန်ပုံက နေဝင်းတုံ့ပြန်ပုံနဲ့ တထပ်တည်း ဖြစ်ခဲ့သည်။ ဗကပ သို့ တိုက်ရိုက်ပြန်ကြားတာတော့ မဟုတ်ပါ။ ဗိုလ်အောင်ကြီးက မဂ္ဂဇင်းဆောင်းပါးများ အိတ်ဖွင့်ပေးစာများနဲ့ တုံ့ပြန်ထားပြီး ဖြစ်သည်။ နေဝင်းကလည်း မိန့်ခွန်းများဖြင့် တုံ့ပြန်ထားတာ ဖြစ်သည်။ သူတို့ ၂ ယောက် သဘောကတော့ အတူတူပဲ ဖြစ်သည်။ 'ဒီမိုကရေစီစနစ်သို့ အပြောင်းအလဲကို စစ်အုပ်စုကပဲ ခေါင်းဆောင်ပြီး ပြောင်းလဲပေးမည်' ဟူ၍ ဖြစ်သည်။ နအဖ ပြောနေသည့် 'အမျိုးသားနိုင်ငံရေးကို တပ်မတော်က ခေါင်းဆောင်မည်' 'စည်းကမ်းရှိတဲ့ ဒီမိုကရေစီ သူတို့ပဲ လုပ်ပေးမည်' ဆိုတာနဲ့ အတူတူပဲ ဖြစ်သည်။

ဗကပ ကိုယ်စားလှယ် ရန်ကုန်မရောက်လိုက်ပါ။ လမ်းခုလတ်မှာပဲ 'နဝတ' 'အာဏာသိမ်း' သွားသည်။ အခွင့်အလမ်းကောင်းတခု လက်လွတ်သွားခဲ့သည်။ ဤသမိုင်းသင်ခန်းစာကို မမေ့သင့်ပါ။ စစ်အုပ်စုဆီက အာဏာကို ပြန်ပြီးရုပ်သိမ်းချင်လျှင် 'အမျိုးသားညီညွတ်ရေး' ရှိရပါမည်။

(၃)

၁၉၉၀ ရွေးကောက်ပွဲ NLD နိုင်တော့ ဒုတိယအခွင့်အလမ်း ပေါ်ပြန်သည်။ ဒီတခါမှာတော့ NLD ရဲ့ အတွေးအခေါ်လမ်းစဉ် မပြတ်သားလို့ လက်လွတ်ရခြင်း ဖြစ်သည်။ စစ်အုပ်စုကို မစို့မပို့လုပ်လျှင် ခံရလိမ့်မည်ဆိုတာ NLD မသိခဲ့လို့ ဖြစ်သည်။

အဲဒီတုန်းက ဗကပ က '၁၇၈၉ ပြင်သစ်တော်လှန်ရေး' လိုလုပ်ဖို့ အကြံပေးခဲ့သည်။ ပြင်သစ်လုပ်နည်းမှာ 'လွှတ်တော်ခေါ်ပေး – မပေးရင် ကိုယ်ဘာသာခေါ်မယ်' ဆိုတဲ့နည်း ဖြစ်သည်။ NLD သာ ပြတ်သားခဲ့လျှင် ကျောင်းသားထု၊ လူထုနှင့် သံဃာထုက လုပ်သွားလိမ့်မည်။ NLD က သိပ်လုပ်စရာ မလို။ ဗကပ ရဲ့ (တောင်းပွဲတိုက်ပွဲလမ်းစဉ်) ကို ခေါင်းဆောင်များ ဘဝင်မကျလို့ပဲ ထင်ပါသည်။ ဗိုလ်စောမောင် ကတိတည်လိမ့်မည်ဟု ထင်နေပုံ ရသည်။ အမေရိကန်၊ အင်္ဂလိပ်တို့ကလည်း (ဆိုဗီယက်ကို အလဲထိုးဖို့) တရုတ်နဲ့ ကြည်စေအေးစေ ဖြစ်နေချိန်ဖြစ်လို့ 'အရောင်တော်လှန်ရေး' (ပင်နီရောင် ခမောက်တော်လှန်ရေး) မပေါ်စေချင်တာကြောင့်လည်း ဖြစ်နိုင်ပါသည်။ ယနေ့လို ကာလဆိုလျှင်ကား 'ပင်နီရောင်တော်လှန်ရေး' လုပ်စေချင်လိမ့်မည်။

NLD က 'လွှတ်တော်ခေါ်ပေး' ဖို့ပဲ တစာစာ ပြောနေသည်။ ဒီလိုနဲ့ 'နဝတ' အထိုင်ကျသွားသည်။ သန်းရွှေ 'နအဖ' ကတော့ ပြတ်သည်။ လွှတ်တော် ခေါ်မပေးရုံမက ဖမ်းသည်။ ထိန်းသိမ်းသည်။ 'အခြေခံဥပဒေ' စစ်အုပ်စုက စိတ်ကြိုက်ရေးဆွဲသည်။ 'ကျိုက္ကဆံညီလာခံ' တုန်းကမှ (ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်ကို NLD ထဲက ထုတ်ပစ်ဖို့ အကျပ်ကိုင်ပြီး) NLD ကို "ကျိုက္ကဆံ" ထဲ ဆွဲသွင်းခဲ့သေးသည်။ ယခု 'ညောင် ၂ ပင်' တွင်ကား တွေ့ကြသည့်အတိုင်း ဖြစ်သည်။ NLD ကို မကြောက်တော့ပါ။

'တောင်းပွဲတိုက်ပွဲလမ်းစဉ်' ကို ဗကပ တီထွင်ထားတာလည်း မဟုတ်ပါ။ ဗကပ မပေါ်ခင်ကတည်းက ဝံသာနုများ ကုလားပြည်က ရထားတာ ဖြစ်သည်။ 'ဂန္ဒီကြီး' ဆီက ရတာဖြစ်သည်။ 'ဂန္ဒီကြီး' ၏ အကြမ်းမဖက်ရေးတွင် အာဏာဖီဆန်ရေး ပါသည်။

(၄)

'စေ့စပ်ဆွေးနွေးရေး' တောင်းဆိုနေတာ မှန်ပါသည်။ သို့သော် တဖက်က မစေ့စပ်ဘူးဆိုလျှင် အကျပ်ကိုင်တာ ပါရလိမ့်မည်။ ဒီအတွေ့အကြုံကိုတော့ ဖဆပလ (၁၉၄၅ – ၄၆ ဖဆပလ) က ပေးခဲ့ပြီး ဖြစ်သည်။ '၁၉၄၆ စက်တင်ဘာ အုံကြွမှု' ကြောင့် အင်္ဂလိပ်က စေ့စပ်လာရတာဖြစ်ကြောင်း မမေ့သင့်ပါ။ အဲဒီအုံကြွမှုသာ မရှိလျှင် ဗိုလ်အောင်ဆန်း (ဖဆပလ ဥက္ကဌ) ကို အင်္ဂလိပ်ဘုရင်ခံက လူသတ်မှုနဲ့ ဖမ်းတော့မှာ ဖြစ်သည်။ အသေးစိတ်သိလိုလျှင် Shelby Tucker ရဲ့ 'ကျိန်စာသင့်နေတဲ့ ဗမာပြည်' စာအုပ် ဖတ်ကြည့်စေချင်သည်။

ဗကပ က စစ်အုပ်စုကို အကျပ်ကိုင်ဖို့ 'ဒီမို ၂၀၀၆' လုပ်ခဲ့တာ ဖြစ်သည်။ ယခု ၂၀၀၇ ကစပြီး နည်းသစ်နဲ့ ဆက်ပြီးလုပ်ဖို့ စဉ်းစားထားပါသည်။ 'ဒီမို ၂၀၀၆' ၏ ရည်မှန်းချက် ပေါက်မြောက်အောင် နည်းသစ်ရှာပြီးလုပ်ဖို့ ဗကပ က ပြင်ဆင်နေပါသည်။ တိုင်ပင်သင့်သူများနှင့်တိုင်ပင်၊ ညှိနှိုင်းသင့်သူများနဲ့ ညှိနှိုင်းပါမည်။

ယခုအစီရင်ခံစာတွင် 'ကြံဆချက်' ကို တင်ပြထားပါသည်။

(၅)

'ကြံဆချက်အကြမ်း' ကို မတင်ပြမီ ဗကပ ၏ အတွေးအခေါ်တခုကို တင်ပြပါမည်။ 'ဒီမို ၂၀၀၆' အတွေ့အကြုံကို ခြုံငုံသုံးသပ်တာလို့ပြောလည်း ရပါသည်။

- ဗမာပြည်တော်လှန်ရေး အခြေအနေရင့်မှည့်အောင် အချိန်ယူပြီး လုပ်ရဦးမည်ဟု ယူဆပါသည်။
- ဗမာပြည်တော်လှန်ရေးအခြေအနေ ရင့်မှည့်မှုကို 'စံ' ၂ ခုနဲ့ တိုင်းပါသည်။ စံတခုက
  - ❖ အုပ်စိုးခံတွေကိုယ်တိုင်က (ဒီစနစ်အောက်မှာတော့ ဆက်မနေချင်တော့ဘူး။ ဘာပဲလုပ်ရလုပ်ရ လုပ်တော့မယ်ဆိုတဲ့) ပိုင်းဖြတ်ချက်ရှိလာတဲ့အခါ။
  - ❖ အုပ်စိုးသူတွေဘက်ကလည်း စနစ်ဟောင်းအတိုင်း ဆက်ပြီးစခန်းသွားလို့ မရတော့တဲ့အခါမှာ အခြေအနေ ရင့်မှည့်ပါသည်။

(၁၉၆၂ – ၁၉၈၈) ကာလကိုပဲ ကြည့်စေချင်သည်။

မတရားတာကို ငုံ့မခံဘူးလို့ စပြောပြီး စလုပ်တာ ကျောင်းသားတွေပဲ ဖြစ်သည်။ ခါတိုင်း ကျောင်းသားတွေဘက်မှာ အမြဲရှိခဲ့တဲ့ လူကြီးတွေက ‘နေဝင်း ဆိုရှယ်လစ်’ မှိုင်း မိနေကြသည်။ ကျောင်းသားတွေဘက်က လွန်တာပဲလို့ပင် ပြောကြသည်။ ပြည်ပ ကွန်မြူနစ်တချို့ကလည်း အဲဒီလိုပဲပြောတာ ကြားရဖူးသည်။

၁၉၇၄၊ ၇၅၊ ၇၆ ကျတော့ မတရားတာ ငုံ့မခံသူတွေ များလာသည်။ သို့သော် တပြည်လုံး တခဲနက် မဟုတ်သေး။

၁၉၈၈ ကျတော့မှ တပြည်လုံး တခဲနက်ဖြစ်လာသည်။ အုပ်စိုးခံတွေဘက်က ‘စံ’ တခု ပြည့်ဝခဲ့ပါပြီ။

အုပ်စိုးသူဘက်က ‘စံ’ လည်း တဖြည်းဖြည်းချင်းသာ ပြည့်ဝလာတာ ဖြစ်သည်။ စစချင်း ဗိုလ်အောင်ကြီး၊ ဗိုလ်စောမြင့်တို့ပဲ ဘေးရောက်သွားသည်။ နောက်တော့ ဗိုလ်အုန်းကျော်မြင့် လုပ်ကြံရေး ပေါ်သည်။ ဗိုလ်တင်ဦး (NLD) ထောင်ကျသည်။ တဖြည်းဖြည်းချင်းနဲ့ ဗိုလ်တွေ အသုတ်လိုက် ပြုတ်လာလိုက်တာ နောက်ဆုံးမှာ အိမ်တော်ပါငယ်ကျွန် (ကျော်ထင်၊ အေးကို၊ စိန်လွင်တို့တတွေ) ပဲ နေဝင်း အနားမှာ ရှိတော့သည်။ ၁၉၈၇ ခုနှစ်မှာကျတော့ မဆလ ညီလာခံမှာ ‘ဦးမော့နေပြီ’ ဆိုတဲ့စကား မကြားရတော့။ လမ်းစဉ်မှားနေရင် ပြင်ရမှာပဲဆိုသောစကား နေဝင်း ပြောလာသည်။ တိုင်းပြည်ကလည်း LDC ဖြစ်သွားပြီ။ ဦးမမော့ဘဲ အိုးဒယ်နစ် နစ်ခဲ့ပြီ။ ဒါဟာ စနစ်ဟောင်းအတိုင်း စခန်းသွားလို့ မရတော့ဘူးဆိုတာကို ပြတာပဲ ဖြစ်သည်။ နေဝင်းကိုယ်တိုင်က စနစ်ပြောင်းသင့်ပြောင်းရမယ် ပြောလာရသည်။

စံ ၂ ခု ပြည့်လို့ပဲ ၁၉၈၈ အုံကြွမှုပေါ်တာ ဖြစ်သည်။ စစ်အစိုးရရဲ့ ရက်စက်မှု၊ ဖိနှိပ်မှုက ခါတိုင်းထက်တောင် ပြင်းထန်ပါသည်။ ဒါပေမဲ့ လူထုက ကြောက်မသွားဘဲ ဆက်ပြီး တိုက်ပွဲဝင်ပါသည်။ ဒါဟာ စံချိန်စံနှုန်းပြည့်နေတာကို ဖော်ပြတာပဲ ဖြစ်ပါသည်။ နေဝင်းတို့တတွေ စိန်လွင်ကို နန်းအပ်ပြီး ဆင်းသွားတာလည်း စံနှုန်းတခု ပြည့်ဝတာကို ပြတာပါ။ စိန်လွင်ကို ရက်အချို့အတွင်း ဖြုတ်ချလိုက်နိုင်ခြင်းသည် လူထုတိုက်ပွဲနှင့် စစ်အုပ်စုအတွင်းမှ အမြော်အမြင်ရှိသူများ (အယူအဆအရ) ပေါင်းစည်းလိုက်နိုင်၍ ဖြစ်ပါသည်။

(၆)

အတွေးအခေါ်ပြုတ်သားကြဖို့ လိုပါသည်။ ဟိုတုန်းက ကိုယ်က စစ်အစိုးရထဲမှာ ပျော့ပျောင်းသူ၊ ခေါင်းမာသူကို ရှာခဲ့ပါသည်။ အခုတော့ ကိုယ့်အထဲမှာ သူတို့စစ်အုပ်စုက ရှာနေပါသည်။ ပြည်ပရောက်တွေထဲကရှာတာ ပိုပြီးတွေ့ပါသည်။ ‘ပျော့ပျောင်း’ သူတွေက NLD ကို လက်ယာဘက်ကနေ ဝေဖန်နေကြပါပြီ။ သူတို့က တတိယလမ်းကြောင်း လိုက်နေသလိုလုပ်ပြီး NLD တင်းခံမနေနဲ့ လျှော့ပေးလိုက်ဟု အကြံပေးနေကြသည်။ NLD နဲ့ SPDC ကြားမှာ နိုင်ငံရေးစင်တခု ထိုးနေကြသည်။

ဒါကြောင့်ပဲ ပါတီက ၂၀၀၆ ခုနှစ် ဝင်ကတည်းက NLD ကို လက်ဝဲဘက်ကနေ ဝေဖန်တာ လုပ်ရပါသည်။ NLD မှာ အခုကာလ၏ အလံကိုင်ဖြစ်သည်။ အလံကိုင် ယိုင်လဲလျှင် တကွေ့ကြီး လော်ကြရလိမ့်မည်။ ၁၉၈၈ ခုနှစ်က အခွင့်အလမ်း လက်လွှတ်ခဲ့လို့ တကွေ့ကြီး လော်နေရတာ ၁၈ နှစ် ရှိပြီ။ နောက်ထပ် ၈ နှစ်ဆိုလျှင် မဆလ သက်တမ်းကို မီတော့မည်။

လက်ယာဘက်ကနေ ဝေဖန်သူများကို နအဖ က အားပေးသည်။ အားပေးမှာပေါ့ – အဲဒီအကွက်ကို နအဖ က (ဗိုလ်ခင်ညွန့်ရှိကတည်းက) တမင်ဖန်တီးခဲ့တာပဲ။

နအဖ သည် ‘မြန်မာ့နည်းမြန်မာ့ဟန် ဖက်ဆစ်ဝါဒလမ်းစဉ်’ လိုက်နေသူ ဖြစ်သည်။ ဂျပန်စစ်ဝါဒနဲ့ ဗမာဘုရင်တွေရဲ့ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက်မီးလောင်တိုက်သွင်းရေးကို ပေါင်းစပ်နေသူတွေ ဖြစ်သည်။

၈၈ မျိုးဆက်များ၏ လှုပ်ရှားမှုကို တုံ့ပြန်တာမှာလည်း ဘုရားလူကြီးတွေကို ခြိမ်းခြောက်အကျပ်ကိုင်ပြီး ၈၈ မျိုးဆက်နဲ့ ရန်တိုက်ပေးနေတာကို သတိပြုရပါမည်။

တတိယလမ်းကြောင်း အန္တရာယ်ကို သတိရှိရမည်။ NLD ရဲ့ရှေ့အလားအလာကို အကောင်းမမြင်သူများက တတိယလမ်းကြောင်း လိုက်ကြမှာ ဖြစ်သည်။

ဗကပ က – စစ်အာဏာရှင်စနစ်နဲ့ ပြည်သူတွေကြားမှာ တတိယလမ်းမရှိဟု ပြတ်ပြတ်သားသားမြင်သည်။ ပြည်သူ့ဘက်မှာ ရှိနေတဲ့ NLD ကို ဒါကြောင့်ပဲ အားပေးနေတာ ဖြစ်သည်။ ၁၉၈၅ ခုနှစ် “ပို့စကတ်လှုပ်ရှားမှု” လုပ်ပြီး ကတည်းက ဘယ်သူ့အားပေးရမလဲဆိုတာကို ဗကပ က ဆုံးဖြတ်ထားပြီး ဖြစ်သည်။ NLD နာမည်နဲ့ ပေါ်လာတော့လည်း (NLD ဥက္ကဋ္ဌက ဗိုလ်အောင်ကြီးဖြစ်နေသည့်တိုင်) NLD ကို အားပေးခဲ့သည်။ မိမိပါတီနှင့် နီးစပ်သူများကိုလည်း သီးခြားပါတီမထောင်ဘဲ NLD ထဲ ဝင်လုပ်ကြဖို့ ဆော်သြခဲ့သည်။ NLD နဲ့ တစည စီးချင်းထိုးပွဲတွင် NLD ကို အားပေးခဲ့သည်။ ယခု ဝေဖန်နေတာက အောင်ပွဲရစေချင်လို့ ဖြစ်သည်။ စစ်အုပ်စုကိုဝင်ပြီး ပူးမိတဲ့ ‘ပမညတ’ တွေ လို မဖြစ်စေချင်လို့ ဝေဖန်နေတာ ဖြစ်သည်။

သခင်္ဂါရတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ပါ။ NLD အဖိုးကြီးတွေ အိုလှပြီ။ သူတို့မရှိလျှင် (စိန်လွင်လို) လက်မရွံ့အာဏာသားတွေနဲ့ မျိုးဆက်သစ် ထိပ်တိုက်တွေ့ကြလိမ့်မည်။ 'စေ့စပ်ဆွေးနွေးပွဲ' အလားအလာ ကုန်ဆုံးသွားတော့မည်ဟု မြင်ပါသည်။

(၇)

လမ်းပြမြေပုံ RM ကို နအဖ က ဖွတ်လုပ်မှာပါ။ မလုပ်ဘဲနေလို့ မရပါဘူး။ သူတို့လည်း သခင်္ဂါရတရားကို အာခံနိုင်သူများ မဟုတ်ပါ။ 'ညောင် ၂ ပင်' ကို အချိန်ဆွဲချင်တိုင်း ဆွဲလို့မရသည့်အခြေအနေ ရှိပါသည်။ အိမ်နီးချင်းများကလည်း စောင့်နေလိုစိတ် မရှိကြပါ။ ၂၀၁၅ ခုနှစ်တွင် တရုတ် အာဆီယံတို့ လွတ်လပ်သည့်စျေးကွက်ဒေသလုပ်တာ အောင်မြင်စေချင်ကြသည်။ ၂၀၂၀ အာဆီယံ အမြော်အမြင်ဆိုတာကလည်း ရှိသည်။ နအဖ အချိန်ဆွဲချင်တိုင်း ဆွဲမရပါ။

'ညောင် ၂ ပင်' ပြီးလျှင် RM အဆင့် ၂၊ ၃ နဲ့ ၄ တို့ လာပါလိမ့်မည်။ ဒါတွေအတွက် မိမိတို့ဘက်က ပြင်ဆင်ထားရပါမည်။ UNSC (ကုလသမဂ္ဂလုံခြုံရေးကောင်စီ) ကိုချည်း အားကိုးနေလျှင် လှလှကြီး ဒုက္ခတွေ့ပါလိမ့်မည်။ ဗမာပြည်ကိစ္စက အင်အားကြီးတို့ရဲ့ ဦးစားပေးကိစ္စ မဟုတ်ပါ။ သူတို့၏ အကျိုးစီးပွားကို တိုက်ရိုက်ပတ်သက်သည်လည်း မဟုတ်ပါ။

ထို့ကြောင့် ဥစ္စာရင်လို ဥစ္စာရင်ခဲကြဖို့ ဗကပ ရဲ့ '၂၀၀၇ ကြံဆချက်' ကို တင်ပြပါမည်။ 'ဒီမို၂၀၀၆' ၏အဆက် ကြံဆချက် ဖြစ်ပါသည်။ အားလုံးနှင့် ညှိနှိုင်းလိုပါသည်။

<u>'၂၀၀၇ ကြံဆချက်'မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။</u>

- RM တိုက်ဖျက်ရေးကို စီးချင်းထိုးသည့် နည်းပရိယာယ်ဖြင့် လုပ်မရပါ။ ၈၈ မျိုးဆက်လည်း စီးချင်းထိုးလို့ မရပါ။ NLD က ဆိုလျှင် ပိုပြီးလုပ်ဖို့ ခက်ပါလိမ့်မည်။ NLD ကို မတရားသင်း ကြေညာမည် မထင်ပါ။ ခြိမ်းခြောက်နေခြင်းသာ ဖြစ်ပါသည်။ တရားဝင်ပါတီအဖြစ်မှ မှတ်ပုံတင်ရုပ်သိမ်းတာပဲ လုပ်ပါလိမ့်မည်။ နအဖ ကိုယ်တိုင် မလုပ်ဘဲ 'ဆန္ဒခံယူပွဲကော်မရှင်' 'ရွေးကောက်ပွဲကော်မရှင်' တို့ကို လုပ်ခိုင်းမည်ဟု ထင်ပါသည်။ အထင်မျှ ဖြစ်သည်။
- ၈၈ မျိုးဆက်များ၏ ကြံဆချက်ဖြစ်သည့် ပြည်သူ့ဆန္ဒအစစ်အမှန်ရလိုလျှင် ကုလသမဂ္ဂရဲ့ ကြီးကြပ်မှုနဲ့ ဆန္ဒခံယူပွဲ လုပ်ကြည့်ပါဆိုသည့်နည်းလမ်း ကောင်းပါသည်။ 'ညောင် ၂ ပင်' ပြီးမှာ မဟုတ်သေးပါဘူးဟုပြောပြီး ရှေ့လုပ်ငန်းကို မပြောဘဲနေလျှင် နောက်ကျသွားနိုင်ပါသည်။ အခုကတည်းက (NLD က) အာဘော်လွှင့်ထား စေချင်ပါသည်။ 'ဆန္ဒခံယူပွဲ' နဲ့ ပတ်သက်ပြီး 'ဂမ်ဘာရီ' ကို ပြောလိုက်တာ အလွန်ကောင်းပါသည်။ လူထုကို အားရစေပါသည်။ ဒီလောက်နဲ့ ရပ်မနေဘဲ လုပ်နိုင်သလောက် (လုပ်နိုင်သလောက်) လုပ်ဖို့ တိုက်တွန်းပါသည်။ NLD သာလျှင် ဗမာပြည်နိုင်ငံရေးတွင် ပြောရေးဆိုခွင့်ရှိသူ ဖြစ်ပါသဖြင့် ဤသို့တိုက်တွန်းရခြင်း ဖြစ်ပါသည်။
- လုပ်ရှားတက်ကြွသူများ၏တပ်ဦး (Activists Front) တခုကို ပြည်တွင်းမှာရော ပြည်ပမှာပါ လျှို့ဝှက်ပြီး ဖွဲ့စည်းဖို့ စဉ်းစားသင့်ပါသည်။ NLD က O/G ဖြစ်ပါသည်။ သူမလုပ်နိုင်တာကို (AF U/G) က လုပ်ဖို့ ဖြစ်ပါသည်။ (AF U/G) က ဘာတွေလုပ်မည်ဆိုတာကိုတော့ အစီရင်ခံစာမှာ တင်ပြလို့ မဖြစ်ပါ။ စိတ်ဝင်စားသူများနဲ့ လျှို့ဝှက်ဆွေးနွေးလိုပါသည်။ ဂျပန်ခေတ်က လုပ်နည်းကို ယခုမျက်မှောက်အခြေအနေနဲ့ ပေါင်းစပ်ပြီးလုပ်ဖို့ စဉ်းစားတာ ဖြစ်ပါသည်။
- အကြမ်းဖျင်း စဉ်းစားထားတာက O/G နဲ့ U/G ရောထွေးမပစ်ဖို့ပဲ ဖြစ်သည်။ ဂျပန်ခေတ်ကလည်း O/G တွေ ရှိတာပါပဲ။ ဥပမာ BIA, BDA အာရှလူငယ်အစည်းအရုံး၊ တို့ဗမာဆင်းရဲသားအဖွဲ့၊ ဝန်ထမ်းတပ်၊ ရုပ်သေးအစိုးရ စသဖြင့် ရှိပါသည်။ အစိုးရနဲ့မပတ်သက်တဲ့ အရပ်ဘက် ဘာသာရေး၊ လူမှုရေး၊ ရပ်ရွာဆိုင်ရာ အဖွဲ့ကလေးတွေလည်း ရှိပါသည်။

  ထိုအဖွဲ့အစည်းများရဲ့ 'တရားဝင်' အလုပ်ကို တဖက်ကလုပ်ရင်း ဖက်ဆစ်ဂျပန်တော်လှန်ရေး ယူ/ဂျီ အလုပ်ကို လုပ်နေသူတွေ မနည်းပါ။ အလုပ် ၂ ခုကို ရောထွေးမပစ်ဘဲ လုပ်လို့ရပါသည်။ ရောထွေးပစ်လျှင်တော့ အန္တရာယ်ကြီးပါသည်။
- (AF U/G) က လက်တွေ့နိုင်ငံရေးအလုပ်တွေမှာ O/G တွေ မလုပ်နိုင်တာကိုလုပ်ဖို့ ဖြစ်သည်။

- ဘယ်တော်လှန်ရေးမဆို တက်ကြွလှုပ်ရှားသူတွေက တပ်ဦးက ပါရတာ ဖြစ်သည်။ တက်ကြွလှုပ်ရှားသူဆိုတာကလည်း လူငယ်လူရွယ် မျိုးဆက်သစ်တွေပဲ ဖြစ်သည်။ လွတ်လပ်ရေးရအောင် သူတို့ပဲ လုပ်ခဲ့တာ ဖြစ်သည်။ ဒီမိုကရေစီရအောင်လည်း သူတို့ပဲ လုပ်ကြရလိမ့်မည်။ ဒါကြောင့် "၂၁ ရာစု မျိုးဆက်သစ်" ကို အားထားရလိမ့်မည်။

  ဤသို့ဆိုသဖြင့် လူကြီးတွေအခန်း မရှိဟု မဆိုလိုပါ။ ၁၉၈၈ အုံကြွမှုကိုပဲ ကြည့်စေချင်သည်။ လှုပ်ရှားတက်ကြွသူ လူငယ်တိုင်း၏ နောက်ကွယ်တွင် အကြံဉာဏ်ပေးနေသော လူကြီးတွေ ရှိခဲ့သည်။ စိတ်ဓာတ်ခွန်အားနဲ့ အတွေ့အကြုံကို လူကြီးတွေကပဲ ပေးခဲ့တာ လမ်းညွှန်ခဲ့တာ ဖြစ်သည်။ ၈၈ မျိုးဆက်များလည်း လူကြီးတပိုင်း ဖြစ်နေကြပါပြီ။ ၈၈ အတွေ့အကြုံကို ဆင့်ပွားပေးနိုင်ကြပါသည်။

  အားလုံးပေါင်းပြီး လုပ်ကြမှ ဖြစ်ပါလိမ့်မည်။ အခါအခွင့်ကောင်းကို မိမိဘာသာ ဖန်တီးကြဖို့ (AF U/G) ကြံဆချက်ကို တင်ပြခြင်း ဖြစ်ပါသည်။

- အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုရဲ့အမြုတေ (AF U/G) က အရင်ဆုံး ရှိနေမှ ဖြစ်ပါလိမ့်မည်။ 'ဒီမို ၂၀၀၆' ကြံဆချက်ကို လုပ်တုန်းက BBC က (ထင်သည်။) မေးခွန်းတခု မေးဖူးသည်။ တပ်ပေါင်းစု ရှိသလားဟု မေးသည်။ မေးထိုက်ပါသည်။ O/G နဲ့ U/G တပ်ပေါင်းစုကို ပြောင်လုပ်မိလျှင် အထမ်းထက် အဆွဲလေးပါလိမ့်မည်။ မလုပ်ဝံ့ပါ။ တလောက သတင်းစာရှင်းလင်းပွဲတွင် ဗကပ တွေ 'ဆုတောင်းပွဲ' နောက်ကွယ်မှာ ရှိသည်။ ဗကပ ဗဟိုကို အစီရင်ခံစာ မိထားပြီဟု ပြောင်လိမ်တာ ကြားလိုက်ရသည်။ တိုင်းမှူးဗိုလ်ချုပ်တယောက်က 'ဒီမို ၂၀၀၆' ဆိုတာ (လိုဂို) ပဲ ရှိတဲ့ စိတ်ကူးယဉ်မှုပဲလို့ သူ့စစ်တပ်ထဲမှာ ချပြနေချိန်မှာ ဝန်ကြီးဗိုလ်မှူးချုပ်ကတော့ ဗကပ က နောက်က ကြိုးကိုင်နေသည်ဟု သတင်းစာဆရာတွေကို ပြောင်လိမ်နေသည်။ သတင်းစာဆရာတယောက်ကိုတော့ သတင်းစာရှင်းလင်းပွဲ လူပုံအလယ်မှာ ခြိမ်းခြောက်တာလည်း တွေ့လိုက်ရသည်။ သူတို့တတွေ ကြောက်ရမ်းရမ်းနေကြပြီ။

(၈)

ရဲဘော်တို့

ဗဟိုရဲ့ပေါ်လစီကို ရဲဘော်တို့ကို အပ်လိုက်ပါပြီ။ အထက်မှာ ဖော်ပြတဲ့ ကြံဆချက်နဲ့ အတွေးအမြင်တွေကို နီးစပ်ရာနဲ့ ဆွေးနွေးကြပါ။ အထူးတလည်တင်ပြစရာ အသစ်အဆန်းတွေ့လျှင် ဗဟိုသို့ အမြန်တင်ပြကြပါ။ 'ညောင် ၂ ပင်ပြပွဲ' ပြီးတော့မည်ဟု ကြားထားပါသည်။ ပြီးလျှင် RM ၂၊ ၃၊ ၄ လာပါလိမ့်မည်။ မိမိတို့က နိုင်ငံရေးလက်ဦးမှု ယူထားဖို့ လိုပါသည်။ လက်ဦးမှုကို နအဖ ယူနေတာ ကြာခဲ့ပြီ။ သူက လက်ဦးမှုယူလိုက် ကိုယ်က ကန့်ကွက်တယ်ပြောလိုက်၊ သူက အကြမ်းဖက် အဖမ်းအဆီးတွေလုပ်လိုက် ကိုယ်က လွှတ်ပေးပါပြောလိုက် အဲဒီသံသရာကို ဖြတ်ပစ်ကြမှ ဖြစ်ပါလိမ့်မည်။ မဖြတ်နိုင်လျှင် 'ဖက်ဆစ်တပိုင်း အခြေခံဥပဒေ' တခု ပေါ်လာစရာ ရှိပါသည်။

ဗကပ အတွက် မပူပါ။ NLD အတွက်ပဲ ပူပါသည်။ ဗကပ က NLD အာဏာရလည်း O/G အတိုက်အခံပါတီဖြစ်ဖို့ပဲ ရှိသည်။ စစ်အစိုးရ ရှိနေလည်း U/G ပါတီအဖြစ် ရေရှည်နေဖို့ ပြင်ထားပြီး ဖြစ်သည်။ ဗကပ အတွက် အကြောင်းမဟုတ်ပါ။ ဒီလောက်သယ်လာပြီးမှ (၁၉၆၂ ခုနှစ် ကျောင်းသားမျိုးဆက်ကနေ ၈၈ မျိုးဆက်အထိ သယ်လာပြီးမှ) ဒီမိုကရေစီအလံကိုင် NLD လဲမကျစေချင်ပါ။ ဒါဟာ ရိုးသားပွင့်လင်းစွာ ပြောလိုက်တာ ဖြစ်ပါသည်။

လိုအပ်တဲ့ နောက်ဆက်တွဲတွေကို ပူးတွဲထည့်ပေးလိုက်ပါသည်။

## နောက်ဆက်တွဲ (က)

## ‘ဗကပ’ ရဲ့ ‘၁၈’ နှစ် နိဂုံးချုပ်။(ပထမပိုင်း)

ရဲဘော်တို့

၁။ ၁၉၈၈ မှ ၂၀၀၆ ခုနှစ် ၁၈ နှစ်အတွင်းမှာ ပါတီနဲ့သာ ပတ်သက်တဲ့ ကိစ္စတွေကို နိဂုံးချုပ်လုပ်ပါမယ်။ တခုလုံးခြုံတဲ့ နိဂုံးချုပ်ကိုလည်း လုပ်ပါမယ်။ တခုလုံးခြုံတဲ့နိဂုံးချုပ်ချက်က အရေးတော်ပုံတခုလုံးကို နိဂုံးချုပ်လုပ်မှာ ဖြစ်ပါတယ်။ ကိုယ်က အဓိကဇာတ်ကောင် မဟုတ်လို့ သိပ်ပြီးပြည့်စုံမှာ မဟုတ်ပါဘူး။ အဓိကဇာတ်ကောင်တွေ နိဂုံးချုပ်လုပ်ရာမှာ ကွန်မြူနစ်တို့ရဲ့အမြင်ကို ထည့်သွင်းစဉ်းစားစေချင်လို့သာ ရေးတာဖြစ်ပါတယ်။ “မိုငြမ်းကိုးကားရန်မျှသာ” ဖြစ်ပါတယ်။ ပါတီရဲ့ကိစ္စတွေကိုတော့ ကုန်စင်အောင် သုံးသပ်တင်ပြမှာ ဖြစ်ပါတယ်။

၂။ ‘ဗကပ’ ရဲ့ ‘၁၈’ နှစ် နိဂုံးချုပ်။

(က) တချို့ကိစ္စတွေက ရဲဘော်တို့သိပြီး ဖြစ်မယ်။ တချို့ကိစ္စတွေက အခုမှ ဖွင့်ပြောတာ ဖြစ်ပါလိမ့်မယ်။ နှစ်ပေါင်း ၂၀ ကျော် ၃၀ ကျော်က ကိစ္စတွေဖြစ်လို့ ဖွင့်ပြောတာပါ။ ဒါမှ ‘၁၉၈၉ အရေးနိမ့်မှုကြီး’ ရဲ့ ဇာစ်မြစ်ကို သိမှာပါ။

၁၉၈၈ မတိုင်မီက ပါတီရဲ့အခြေအနေ

- ၁၉၆၇ ခုနှစ်က တည်ရှိတဲ့ ထူးခြားတဲ့အခြေအနေကြောင့် ပါတီက နိုင်ငံတကာရုပ်ဝတ္ထုအကူအညီ ရပါတယ်။ နယ်စပ်အခြေခံ ဒေသတွေ ပေါ်ပါတယ်။ အောင်သွယ်ပေးသူရှိလို့ နယ်စိမ်း လူစိမ်းတွေနဲ့ ပါတီက ဆက်စပ်မိပါတယ်။ ၁၉၆၇ ခုနှစ် မတိုင်မီက ဆိုရင် ကိုယ့်ကို သူမသိ၊ သူ့ကို ကိုယ်မသိပါဘူး။
- ၁၉၇၂ ခုနှစ်မှာ အခြေအနေပြောင်းစ ပြုပါတယ်။ မော်စီတုန်း၊ ချူအင်းလိုင်တို့နဲ့ အမေရိကန်သမ္မတ (နစ်ဆင်) နိုင်ငံခြားရေး ဝန်ကြီး (ကစ်ဆင်းဂျား) တို့ စေ့စပ်ပွဲအောင်မြင်ပါတယ်။ ရဲဘော်မော်နဲ့ ရဲဘော်ချူတို့က ကျွန်တော်တို့ဗဟိုကို ပွင့်ပွင့်လင်းလင်း အကြံပေးတိုက်တွန်းတာ လုပ်ပါတယ်။ ‘တို့က အရင်လို ကူညီနိုင်တော့မှာ မဟုတ်ဘူး။ ကုလသမဂ္ဂမှာ နေရာပြန်ရနေပြီ။ နေဝင်းကလည်း အမှားဝန်ခံနေပြီ။ ကိုယ့်အားကိုယ်ကိုး လုပ်ဖို့ပြင်ကြ’ လို့ တိုက်တွန်းပါတယ်။ အကျဉ်းချုပ်ပြောရရင် ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုးလုပ်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ သန္နိဋ္ဌာန်မကြံ့ခိုင်ပါဘူး။
- ၁၉၇၆ ခုနှစ်မှာလည်း ရဲဘော်တိန့်ရှောင်ဖင်းက မော်/ချူ တို့လိုပဲ ကိုယ့်အားကိုယ်ကိုးလုပ်ဖို့ အကြံပေးရုံမက အခိုင်အမာ အကြံပြုချက်လည်း ပေးပါတယ်။ ကျွန်တော်တို့ မလုပ်နိုင်ခဲ့ပါဘူး။
- ၁၉၈၀ ခုနှစ်မှာကျတော့ အကူအညီကို နောက်ဆုံးပေးတဲ့အနေနဲ့ ပေးပါတယ်။ နိုင်ငံရေးအရ ပွင့်ပွင့်လင်းလင်း ရှင်းပြပါတယ်။ အဲဒီအခါကျတော့ ကေဒါတွေအားလုံး ပါတီရဲ့အခြေအနေမှန်ကို သိသွားပါပြီ။ နဂိုက ဗဟိုပဲသိပြီး ကြိတ်ပြီးကြိုးစားနေတာပါ။ ရှိနေတဲ့ လက်နက်ခဲယမ်းတွေကို ‘၁၀ နှစ်’ ခံအောင် ချွေတာသုံးပြီး ပြည်တွင်းက အတွင်းကျကျနေရာမှာ အခြေခံဒေသတွေ ဖော်ထုတ်ဖို့ ဗဟိုက ကြိုးစားပါတယ်။ ဒါပေမဲ့ ကေဒါတပ်ဖွဲ့မှာ အတွေးအခေါ်ရှုပ်ထွေးကုန်ပါပြီ။ ဗကပ ရဲ့ ရှေ့အလား အလာကို အကောင်းမမြင်ကြတော့ပါဘူး။ ဗဟိုကို ယုံကြည်မှု စတင်ပျက်ပြားပါတယ်။ ‘နော်မန်ဘက်သွန်း’ စိတ်ဓာတ်နဲ့ ဗမာပြည်တော်လှန်ရေးထဲပါလာကြသူတွေ တဖွဲဖွဲ ‘အိမ်ပြန်’ ကြပါတယ်။ ထွက်ခွင့်တောင်းပြီး ပြန်ကြတာပါ။
- ၁၉၈၀ မှာပဲ ဗဟိုက ‘ပါတီစုံဒီမိုကရေစီကြံဆချက်’ တင်ပြပါတယ်။ မဆလ တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်း၊ ပါတီစုံ ဒီမိုကရေစီကို ထူထောင်ဖို့ ဆော်သြချက်ပါ။
- ၁၉၈၅ မှာ တတိယကွန်ဂရက် လုပ်ပါတယ်။ ပါတီစုံဒီမိုကရေစီကြံဆချက်ကို အတည်ပြုနိုင်တယ်။ ပါတီစည်းမျဉ်းဥပဒေကို အတည်ပြုနိုင်ပါတယ်။ (ဒါဟာ ကောင်းတဲ့ကိစ္စပါ။ ၁၉၈၉ မှာ သေလောက်တဲ့ဒဏ်ရာ ရပေမယ့် မသေဘဲ နာလန်ထ မြန်တာဟာ ဒီကောင်းမှုတွေရဲ့ အကျိုးကျေးဇူးပါပဲ။) တတိယကွန်ဂရက်လုပ်ချိန်တုန်းက ပါတီတွင်းအခြေအနေဟာ အတော်ကလေး ယိုင်နေပါပြီ။ ‘တတိယကွန်ဂရက်အစီရင်ခံစာ’ ထဲက ‘ပါတီတည်ဆောက်ရေးဟာသော့ချက်’ ဆိုတဲ့ အခန်းကို ကြည့်ပါ။ မှားယွင်းတဲ့ အတွေးအခေါ်နဲ့လုပ်ဟန် ‘၁၃’ ချက် ဖော်ပြထားတာ တွေ့ရပါလိမ့်မယ်။ အကောင်းတခုမှ မပါဘူး။ ပြုပြင်ရမယ့် ‘၆’ ချက်လည်း ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဆေးမတိုးတော့ပါဘူး။ ၁၉၈၉ မှာ ခွဲထွက်တာတွေ ပေါ်လာတယ်။ ဘယ်သူမပြု မိမိမှုပါ။ အချိန်တွေ အများကြီးရခဲ့သားနဲ့ သန္နိဋ္ဌာန်မခိုင်မာလို့ ကိုယ့်အားကိုယ်ကိုး မလုပ်နိုင်ခဲ့တာဟာ ကိုယ်ညံ့လို့ပါ။ ဗဟိုမှာပဲ တာဝန်ရှိပါတယ်။ ကိုယ့်ကိုယ်ကို ကြံဖန်ပြီးနှစ်သိမ့်လိုက်၊ ဟိုလက်ညှိုးထိုး ဒီလက်ညှိုး အပြစ်ပြောလိုက်နဲ့ ‘၁၉၈၉’ ကို ကြုံရတာပါ။

တခုကောင်းသွားတာက ၁၉၈၅ မှာပဲ '၁၃၀၀ပြည့် အရေးတော်ပုံ' ရဲ့ ရွှေရတု ၁၉၈၈ မှာ ပြည့်မယ့်အကြောင်း၊ မဆလ စစ်အာဏာရှင်စနစ်ကို လူထုအုံကြွမှုနဲ့ ဆန့်ကျင်ကြဖို့ ဆော်သြနိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ၈၈ အုံကြွမှု ပေါ်ပါတယ်။ (၈၈ အုံကြွမှုကို 'ဗကပ' ဖန်တီးတယ်လို့ပြောတာ မဟုတ်ပါဘူး။ လူထုအုံကြွမှုကို ဘယ်ပုဂ္ဂိုလ် ဘယ်ပါတီမှ မဖန်တီးနိုင်ပါဘူး။)

- <u>၁၉၈၉ အရေးနိမ့်မှုကြီး</u>။ ဒါနဲ့ပတ်သက်ပြီး အမျိုးမျိုးရေးကြ ပြောကြတာတွေ ရှိပါတယ်။ အင်္ဂလိပ်လို၊ တရုတ်လို ရေးထားတာတွေ အများကြီးပါ။ အဲဒါတွေ တခုမှ မဟုတ်ပါဘူး။ တစိတ်တပိုင်းအမှန်တွေသာဖြစ်တယ်။

  '၁၉၈၉ အဖြစ်အပျက်' ကို ဗမာစကားနဲ့ တခွန်းတည်း ပြောရရင် 'ဆန်ဆုံစား ကံကုန်လို့သွား' ကြတာပါ။ ဘယ်နေရာမှာမှ သွေးထွက်သံယိုဖြစ်ပြီး လမ်းခွဲကြတာ မဟုတ်ပါဘူး။ သခင်ဗသိန်းတင်ကို ဝေါနဲ့ထမ်းပြီး တရုတ်ပြည်ဘက် ပို့ကြတာပါ။ တချို့နေရာမှာ လက်ဆွဲနှုတ်ဆက်ပြီး ထွက်ခဲ့ကြတာပါ။ ဗိုလ်အောင်ကြီး၊ ဗိုလ်ခင်ညွန့်နဲ့ လော်စစ်ဟန်တို့က သူတို့အခန်းကို အမွှမ်းတင်ချင်လို့ ထွင်ပြီးပြောကြတာပါ။ ဒါနဲ့ပတ်သက်ပြီး အကျယ်တင်ပြပါမယ်။

  ဗိုလ်ခင်ညွန့်ပြောတဲ့ 'ဗကပ ရဲ့ အာဏာကို ဖြုတ်လမ်းကသိမ်းဖို့ အကြံအစည်' ဆိုတာက ခွဲထွက်ခေါင်းဆောင်တွေ ပြောပြတဲ့ ဗကပ ရဲ့ စီမံကိန်းတွေကိုသိပြီးနောက် သူ့အာဘော်နဲ့ ပေါင်းစပ်ထားတဲ့ ထွင်လုံးပါ။

  ဗကပ ရဲ့ စီမံကိန်းတွေက ဗဟိုကော်မတီစုံညီအစည်းအဝေးမှာ နိုင်/ဦး အဖွဲ့က တင်ပြပြီး အတည်ပြုထားတာတွေပါ။ နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးနဲ့ ဗဟိုကော်မတီ စုံညီအစည်းအဝေးက နဝတ မပေါ်မီမှာတခါ၊ ပေါ်ပြီးနောက်တခါ လုပ်တာပါ။

- နဝတ မပေါ်မီ ဆုံးဖြတ်တာတွေထဲမှာ အောက်ပါဆုံးဖြတ်ချက်ပါတယ်။

  – '၈၈၈' တပ်မဟာဖွဲ့ပြီး မန္တလေးဘက်တိုးဝင်အခြေချဖို့။

  – 'ယာယီအစိုးရ' မြို့ပေါ်မှာ ဖွဲ့ဖြစ်ရင် ပါတီက တပ်အင်အားအများအပြားသုံးပြီး အဲဒီ 'ယာယီအစိုးရ' ကို ဝန်းရံပေးဖို့ ဖြစ်တယ်။ ပါတီက အာဏာသိမ်းဖို့ မဟုတ်ဘူး။ 'ယာယီအစိုးရ' ကို ဝန်းရံဖို့ပဲ။ ကန့်ကွက်သူမရှိပါဘူး။ သဘောမပေါက်သူ မရှိပါဘူး။

- နဝတ ပေါ်ပြီးနောက် ဆုံးဖြတ်တာတွေထဲမှာ အောက်ပါဆုံးဖြတ်ချက်ပါတယ်။

  – ရှမ်းပြည်တောင်ပိုင်း တောင်ကြီးဘက်က တောခိုသူတွေကို လက်နက် (၁၀၀၀) တပ်ဆင်ပေးဖို့

  – 'ကျောင်းသားတပ်မတော်' ကို လက်နက် (၁၀၀၀၀) ကူညီဖို့ ဖြစ်တယ်။

  တောင်ကြီးဘက်ကလူတွေကို လက်နက်တထောင်တပ်ဆင်ဖို့ကို ထောက်ခံကြတယ်။ ဘယ်သူကမှ ဘာမှ မပြောဘူး။ 'ကျောင်းသားတပ်မတော်' ကို လက်နက်တသောင်းကူညီဖို့ကျတော့ မရဲတရဲ ကန့်ကွက်သလိုပြောသူ (ဇော်မိုင်) တဦးရှိတယ်။ သဘောမပေါက်ဘူးဆိုတဲ့သဘောပဲ ပြောတာပါ။ သူပြောတာက ပါတီမှာ ပြည်သူ့တပ်မတော် ရှိနေပြီပဲ။ ကျောင်းသားတပ်မတော်ကို လက်နက်ကူဖို့ လိုသေးသလားဆိုပြီး ကချင်ပုံပြင်တခု ပြောတာပါ။ သားကိုချစ်လွန်းလို့ ကုပ်ပေါ် ခွစီးခိုင်းထားတဲ့သားက ဖခင်ကို ကုပ်ပိုးကိုက်လိုက်တယ်ဆိုတဲ့ ပုံပြင်ပါ။

  အဲဒီအစည်းအဝေးမှာ ကျော်ဇော၊ ပေါ်ကျီးတိုက်လည်း တက်ပါတယ်။ ဘာမှ ဝင်မပြောပါဘူး။ ကြိတ်ပြီး ဇော်မိုင်ကို ထောက်ခံကြမှာပါ။ ခွဲထွက်ရေး လုပ်ပြီးတော့ သူတို့ပြောတာကြည့်ရင် ရှင်းပါတယ်။ ဗဟို (ဗမာအိုကြီးတွေ) က (ဗမာလူငယ်) ကျောင်းသားတွေကို လက်နက်တပ်ဆင်ပေးချင်တာပဲ။ နှစ် ၂၀ ကျော် တို့ကို (လူမျိုးစုတွေကို) တိုက်ခိုင်းခဲ့တာပဲ။ လက်နက်တွေ ခွဲမပေးသင့်ဘူး။ တို့ပဲ အားလုံးရသင့်တာပေ့ါ ဆိုတာတွေ ပြောကြတယ်။ အခုတော့ ဗမာစစ်အုပ်စု 'နအဖ' ကို (တချို့က) လက်နက်အပ်ချင်နေကြပြီ။ လူမျိုးရေးနဲ့ မစဉ်းစားတော့ဘူး။ ဖိနှိပ်သွေးစုပ်တဲ့ လူတန်းစားအမြင်အရ စဉ်းစားနေကြပြီ။ တဆက်တည်းပဲ ပြောပါမယ်။ ဆိုရှယ်လစ်စစ်အုပ်စုဖြစ်ဖြစ်၊ နေဝင်း စစ်အုပ်စုဖြစ်ဖြစ်၊ သန်းရွှေစစ်အုပ်စုဖြစ်ဖြစ် စစ်အုပ်စုတိုင်းမှာ ဗမာလူမျိုးကြီးဝါဒ ရှိတယ်။ စစ်အာဏာရှင်ဝါဒ ရှိတယ်။ ဗကပ က ဘယ်ဗမာလူမျိုးကြီးဝါဒ၊ စစ်အာဏာရှင်ဝါဒကိုမဆို တိုက်ဖျက်မှာပါပဲ။

## (ခ) <u>မိုခိုသူ့ဒုက္ခ</u>။

- ကိုယ်က မိုခိုနေရသူရဲ့မျက်နှာ အမြဲကြည့်နေရတယ်။ မလွတ်လပ်ဘူး။ သူဘာလုပ်မလဲဆိုတာ စိုးရိမ်နေရတယ်။ ဖြ မတိုင်မီတုန်းက တရုတ် ဗမာ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေ ၂ နိုင်ငံ ချောင်းပေါက်အောင် သွားကြလာကြတယ်။ ပါတီက သိတောင်မသိဘူး။ သိလည်း စိတ်မဝင်စားဘူး။ သူ့ကိစ္စ သူလုပ်တာပဲ သဘောထားတယ်။ မိုခိုသူ့ဒုက္ခ အဖျားတက်တော့ စိုးရိမ်လိုက်ရတာ။ ဘာတွေပြောကြသလဲ၊ ဘာတွေလုပ်ကြသလဲနဲ့ စိတ်မောနေရတယ်။

ကိုယ်မှီထားတဲ့ 'နံရံကြီး'ဖြန်းခနဲ နေရာရွှေ့လိုက်ရင် မှီနေသူထန်းပင်လဲသလို ထောင်လဲတတ်တယ်ဆိုတာ သိနေတယ်။

- မမျှော်လင့်နိုင်တာကို မျှော်လင့်ပြီး ကိုယ်စွမ်းကိုယ်စ တိုးနေတယ်။ အကူအညီဖြစ်တော့မယ်လို့ (မော်၊ ချို၊ တိန့်) ပြောနေကြတာ ရှိလျက်နဲ့ 'ဗကပ' ကိုတော့ ခြွင်းချက်နဲ့ ဆက်ပြီးကူမှာပဲလို့ တချို့က ထင်ခဲ့ကြတယ်။ ဗကပ က တခြား အရှေ့တောင်အာရှ ပါတီတွေနဲ့ မတူဘူးတဲ့။
- ကိုယ့်အင်အားမဟုတ်တာကို ကိုယ့်အင်အားလို့ အထင်ရောက်စေတယ်။ အဲဒါမျိုး ရှိနေရင် ရေထဲမိုးထဲမှာ ကိုယ့်ကို စွန့်သွားရင် အကျနာတတ်တယ်။ 'မြင့်မြင့်မြှောက်ထားရင် အကျနာတတ်တယ်' ဒါဟာ ၁၉၆၈ က ၁၉၈၉ အထိ '၂၁' နှစ် ကိုယ်ပိုင်အတွေ့အကြုံအရ နိဂုံးချုပ်ထားတာပဲ။

အကူအညီရတာ ကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဇဝေဇဝါ မဖြစ်ကြပါနဲ့။ ဒါပေမဲ့ မှီခိုသူအဆင့်အထိဖြစ်ရင် ချောက် (ဂျောက်) ကျတတ်တယ်။ ဒါက အကောင်းထဲမှာပါတဲ့ အဆိုးဖြစ်တယ်။

'၁၉၈၉ အရေးနိမ့်မှုကြီး' ကို ကြည့်ရာမှာလည်း အဆိုးထဲမှာ အကောင်းပါတာကို မြင်တတ်ရမယ်။ ဗကပ ဟာ အားအနည်းဆုံးအချိန်မှာကျမှ အတွေးအခေါ် အလွတ်လပ်ဆုံး ဖြစ်နေတာဟာ ကောင်းတာပေါ့။

– ဘာတွေလွတ်လပ်သလဲဆိုတော့ နိုင်ငံရေးအတွေးအခေါ်၊ လမ်းစဉ်စတာတွေ စဉ်းစားလုပ်ကိုင်ရာမှာ ဘယ်သူ ဘာထင်မလဲ။ ကြိုက်ပါ့မလား။ ဘာပြောမလဲ စဉ်းစားနေစရာ မလိုဘူး။ ဗမာပြည်နဲ့ ဗမာပြည်ပြည်သူအတွက် ကောင်းတယ်လို့ထင်ရင် ရေးလိုက်လို့ရတယ်။ ပြောလိုက်လို့ရတယ်။ ဒါကို အကောင်းလို့ ပြောနိုင်တယ်။

- တခြားကောင်းတာက ကိုယ်က တုတ်တပြပြနဲ့ တဟင်းဟင်း ထိန်းကျောင်းနေရတဲ့ 'ဘိန်းချ'နေတဲ့ 'စပိန်နယ်သစ် တိုးချဲ့ရေးသမား' တွေလို လုယက်ဗိုလ်ကျနေတဲ့ တပ်မှူးတချို့ကို ထိန်းကျောင်းစရာ မလိုတော့ဘူး။ ကိုယ့်လည်ပင်း ဆွဲထားရတဲ့ အနိဋ္ဌာရုံတွေကို နအဖ ခင်ညွှန့်လည်ပင်း စွပ်ပေးလိုက်နိုင်တာ ဖြစ်တယ်။

(ဂ) <u>လက်နက်ကိုင်တိုက်ပွဲ A/S</u>

- <u>A/S</u> ကို အရန်တိုက်ပွဲသဏ္ဍာန်အဖြစ် ပါတီက အခါအားလျော်စွာ ထုတ်ပြန်နေတာဟာ အတွေးအခေါ်တခုကို တမင် တည်ဆောက်နေတာ ဖြစ်တယ်။ အကြမ်းဖက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ (အကြမ်းဖက်ပြီး အာဏာသိမ်းထားပြီး အာဏာကိုထိန်းနေတဲ့) စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရာမှာ ကိုယ့်လက်ကိုယ့်ခြေကို ကိုယ့်ဘာသာ တုပ်နှောင် ထားသလို၊ ခြေမန်းကွင်းစွပ်ထားသလို ဖြစ်မှာစိုးလို့ တင်ပြနေတာ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်အောက်မှာ 'တရားဝင် ပါတီ' လုပ်ရတာ မလွယ်မှန်း ပါတီက အတွေ့အကြုံတွေအရ သိထားပါတယ်။

ကျွန်တော်တို့ရဲ့ (တခါက) ခေါင်းဆောင်ကြီး ဦးသိန်းဖေ (မြင့်) ဟာ A/S ကို ဆန့်ကျင်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ ဝန်ကြီးချုပ်ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်းတို့နဲ့ သင့်မြတ်ပါတယ်။ ဘယ်အခြေအနေမှာဖြစ်ဖြစ် အကြမ်းမဖက်ရေး လုပ်လို့ရတယ်လို့ ယူဆပါတယ်။ အဲဒီအတွေးအခေါ်နဲ့ သူဟာ ကိုယ်ပိုင်အတိုက်အခံပါတီတွေ ထောင်ဖူးပါတယ်။ နောက်တော့ မဆလ ပါတီရဲ့ ပါတီမိတ်ဆွေထင်ပါရဲ့၊ အဲဒါ ဖြစ်သွားတယ်။ နေဝင်းက သူ့ကို မယုံဘူး။ ဘယ်သူကမှလည်း နိုင်ငံရေးအရ သူနဲ့တွဲမလုပ်ဝံ့ဘူး။ နောက်ဆုံးမှာတော့ နိုင်ငံရေးမပါတဲ့ ဆောင်းပါးတွေရေးသူ ဖြစ်သွားတယ်။ ဝတ်လဲတော် ပုဆိုး ရေးမိတော့ အနာပေါ်တုတ်ကျပြီး ပင်တိုင်ဆောင်းပါးရှင်တောင် လုပ်ခွင့်မရဘဲ အပျော်ဖတ်စာရေးဆရာ ဘဝနဲ့ ဇာတ်သိမ်းရရှာတယ်။

နောက်တယောက် ကျွန်တော်တို့ရဲ့ တခါက ခေါင်းဆောင်ကြီး သခင်စိုးကိုလည်းကြည့်။ မိုးလားကဲလား သူအပြောဆုံးပဲ။ A/S အလံ အလွှင့်ထူဆုံးပဲ။ သူလည်း နေဝင်းကို အလုပ်အကျွေးပြုသူဘဝနဲ့ ဇာတ်သိမ်းတယ်။

အတိုက်အခံပါတီတခုအဖြစ် ပီပီပြင်ပြင်လုပ်ခွင့် စစ်အာဏာရှင်စနစ်အောက်မှာ မရှိနိုင်ပါဘူး။ NLD ကိုလည်း ကြည့်။ အခု လမ်းဆုံလမ်းခွ ရောက်နေပြီ။ ဗိုလ်အောင်ရွှေ၊ ဗိုလ်လွင်တို့ကိုဖယ်ပြီး မျိုးဆက်သစ် ခေါင်းဆောင်သစ်တင်ဖို့ တချို့က စဉ်းစားတယ်။ အဲဒါမှ စစ်အုပ်စု အကြိုက်တွေ့သွားမယ်။ ခေါင်းဆောင်သစ်တွေကိုဖမ်းပြီး နှစ်ရှည်ထောင်ဒဏ် ချလိုက်မှာပဲ။ SNLD ကို လုပ်သလို အလုပ်ခံရမှာပဲ။ NLD လုပ်သင့်တာက နိဂုံးချုပ်လုပ်တာမှာ လမ်းစဉ်ကိုပဲ ပြန်လည်သုံးသပ်တာ လုပ်သင့်တယ်။ အဲဒီအလုပ်ကို လက်ရှိခေါင်းဆောင်တွေပဲ လုပ်သင့်တယ် ထင်ပါတယ်။

A/S ကို လုပ်ချင်တိုင်း လုပ်လို့ရကြရင် ခက်ကရောပေါ့။ A/S လုပ်ရတာက U/G လုပ်ရတာနဲ့ မတူပါဘူး။ U/G ကတော့ ဘယ်အချိန်လုပ်လုပ် ရတယ်။ ဦးသိန်းဖေမြင့်က U/G လည်း မလုပ်ဘူး။ A/S လည်း

မလုပ်ဝံ့ဘူးဆိုတော့ စစ်အာဏာရှင်တွေက ရှိစေဆိုရင် ရှိမယ်။ ပျောက်စေဆိုရင် ပျောက်မယ်။ အဲဒီလို ပါတီမျိုးကို လူထုက အားမကိုးတာလည်း မဆန်းပါဘူး။

A/S လုပ်မယ်ဆိုရင် လိုအပ်တာတွေ အများကြီးပါ။ နိုင်ငံရေးအရ လိုအပ်တာအပြင် အချက်အလက်အရ လိုအပ်တာတွေ အများကြီးပါ။ BIA-BDA-PBF စတာတွေမှာ ပါဝင်ဖူးတဲ့ ငယ်ရွယ်ပျိုမျစ်တဲ့ ကေဒါတပ်ဖွဲ့ ရှိနေတာနဲ့ စစ်ကျွန်လက်နက်တွေ ရှိနေတာကြောင့် 'ဗကပ' က ၁၉၄၈ မှာ လွယ်လွယ်ပဲ A/S လုပ်နိုင်တာပါ။ အခုလည်း အဲဒီ အချက်အလက်တချို့ကတော့ ရှိမြဲပါပဲ။ ဒါပေမဲ့ နိုင်ငံရေးအရ လိုအပ်သလားဆိုတာတော့ စဉ်းစားရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ အတင်းတွန်းပို့ရင် အဲဒီ A/S လမ်းပဲ ရှိတော့ရင်တော့ လုပ်မှာပါ။ ပါတီဖျက်သိမ်းတာ ဘယ်တော့မှ မလုပ်ပါဘူး။ A/S လုပ်ရင်လည်း ကိုယ့်အားကိုယ်ကိုးအဓိက နိုင်ငံတကာအကူအညီအရန်ထားပြီး လုပ်မှာပါ။

အတွေးအခေါ်အရ ပြတ်ရပါမယ်။ အကြမ်းမဖက်ရေးကို ဘယ်လိုအတွေးအခေါ်နဲ့ လက်ခံသလဲဆိုတာက အရေးကြီးပါတယ်။ 'လုပ်သမျှခံရေး' ဆိုတဲ့ အတွေးအခေါ်နဲ့ဆိုရင် အဲဒါ မှားပါတယ်။ အဲဒီအတွေးအခေါ်ရှိတဲ့ ပါတီဟာ နေ့မြင်ညပျောက် ပါတီတွေထဲက တခုပဲ ဖြစ်သွားမှာပေါ့။

ဒီကိစ္စကို အကျယ်တဝင့် တင်ပြနေရတာက စစ်အစိုးရက တမင်ပဲ တက်ကြွသူတွေ ပြည်ပထွက်ကြအောင်နဲ့ ပျော့ညံ့သူတွေ သူ့လက်အောက်ခေါင်းငုံ့ပြီး ဝင်လာအောင်လုပ်တဲ့ လုပ်နည်းကို ကျင့်သုံးနေချိန် ဖြစ်လို့ပါ။

၁၉၅၈ – ၆၀ က ပါတီရဲ့ အတွေ့အကြုံကို တင်ပြချင်ပါတယ်။ အခုနဲ့တော့ မတူပါဘူး။ ဒါပေမဲ့ လုပ်နည်းတူလို့ပါ။

– ကြံ့ခိုင်သူကို သတ်ပစ်။ (ဗိုလ်သိန်း၊ ဗိုလ်အာဋ္ဌဝက၊ သခင်မောင်ကြီး စသူတွေ)

– ပျော့ညံ့သူကိုလက်နက်ချခိုင်း (အဲဒီတုန်းက လက်နက်ချတဲ့နည်းတွေ အများကြီးပါ။ သံမဏိမောင်မောင်၊ စိန်ဝင်းတို့ မ ၃ လုံး ဂိုဏ်းလို ပါတီရဲ့ လမ်းစဉ် လက်မခံနိုင်လို့ဆိုတဲ့နည်းနဲ့ 'စစ်တမ်း' ရေးပြီး လက်နက်ချတာ။ တချို့က "မြင်းကွက်ဆင်ပြီး လက်နက်ချတာ"ပဲ။ ဒီမြင်းကွက်ဆင်တဲ့ လုပ်တဲ့နည်းက 'စစ်တမ်း' ရေးနည်း မဟုတ်ဘူး။ တောထဲမှာ မိဘဆွေမျိုးနဲ့ ချိန်းတွေ့။ မိဘဆွေမျိုးက အာဏာရှိသူနဲ့ စည်းဝါးရိုက်ထား။ (ဘယ်နေရာမှာ ဘယ်သူနဲ့သွားတွေ့မယ်။ ဘယ်ရက် ဘယ်အချိန်မှာ တွေ့မယ်ဆိုတာ ပြောထားပြီး) တွေ့နေချိန်မှာ ရန်သူက ဝင်ဖမ်းတဲ့နည်းပဲ။ 'အဖမ်းခံရတယ်' လို့ ပြောနိုင်တဲ့နည်း ဖြစ်တယ်။ အဖမ်းခံပြီးမှ ရန်သူနဲ့ အပေးအယူလုပ် 'လက်နက်ချ' တဲ့နည်း ဖြစ်တယ်။ 'လက်နက်ချ' တာမှာလည်း လူသိရှင်ကြား မလုပ်ဘူး။ တိုးတိုးတိတ်တိတ်ပဲ လုပ်တတ်တယ်။ ဥပမာ "ကျွန်တော် အနှစ် '၂၀' ပညာသင်ခဲ့တယ်။ အနှစ် '၂၀' ဗကပ လုပ်တယ်။ ကျန်တဲ့ သက်တမ်းမှာ စီးပွားရေးပဲ လုပ်တော့မယ်" လို့ ပြောတာကို အသံသွင်းယူထားပြီး လွှတ်ပေးလိုက်တဲ့နည်း ဖြစ်တယ်။ အသံသွင်းထားတာကို ရန်သူက သိမ်းထားတယ်။ မထုတ်ပြန်ပါဘူး။

စစ်တုရင်ခုံပေါ်မှာ မြင်းခုန်သလိုလုပ်ပြီး လက်နက်ချတဲ့နည်းဖြစ်လို့ 'မြင်းကွက်ဆင်' တယ်လို့ သုံးလိုက်တာပါ။

ဟိုတုန်းက တောခိုချိန်လုပ်တဲ့နည်း ဖြစ်တယ်။ အခုတော့ 'ပြည်ပထွက်တချို့' အဲဒီနည်းလုပ်နေတာ ကြားရတယ်။

ဘယ်လက်နက်ချနည်းဖြစ်ဖြစ် လက်နက်ချတာပါပဲ။ လက်နက်ကြီးယူသွားပြီး လက်နက်ချမှ လက်နက်ချတာ မဟုတ်ပါဘူး။ နောက်မလုပ်တော့ပါဘူးဆိုတာလည်း လက်နက်ချနည်းတခုပါ။ အထုပ်အထည်ပိုက်မိထားတဲ့ 'ငြိမ်းအဖွဲ့' ခေါင်းဆောင်တချို့ အဲဒီလမ်း လိုက်နေကြတယ်။

အောက်ခြေကိုပါခေါ်ပြီး လက်နက်ချဖို့က ခက်တယ်။ အောက်ခြေက ဘာအထုပ်အထည်မှ ပိုက်မိတာ မဟုတ်ဘူး။ ဒီလက်နက်တွေ ရန်သူဆီ မရောက်ဖို့ ပါတီက နည်းမျိုးစုံနဲ့ လုပ်နေပါတယ်။

ရဲဘော်တို့ –

အသိပေးနိုင်တာမှန်သမျှ ပေးပြီးပါပြီ။ ၁၈ နှစ် အတွင်းမှာ ပါတီဗဟိုက စီမံကိန်းရှိရှိ လုပ်နိုင်ခဲ့တာ ၁ နှစ် ကျော်ပဲ ရှိတယ်။ စီမံကိန်းအားလုံး ပျက်ပြီးနောက်မှာ ပါတီက ဒဏ်ရာမယဉ်းအောင်၊ ဒီမိုကရေစီအရေးတော်ပုံနဲ့ မကင်းကွာအောင်၊ ဒဏ်ရာကျက်အောင် လုပ်နေရတာပါ။ ဒီအထဲမှာ သူများအထင်မလွဲအောင်လည်း နေခဲ့ရပါတယ်။ "သူတို့ပွဲပဲ။ ငါတို့က ဖျက်မြင်းမလုပ်ဘူး" လို့ နေခဲ့ပေမယ့် ပါတီရဲ့ရပ်တည်ချက်ကိုလာပြီး ထိုးနှက်တာတွေ ကြုံရတယ်။ ဆိုရှယ်လစ် တရုတ်ပြည်နဲ့တရုတ်ကွန်မြူနစ်ပါတီ ဆန့်ကျင်ရေးသံစုံတီးဝိုင်းမှာ 'ဗကပ' မပါရကောင်းလားဆိုပြီး ရန်ရှာတာခံခဲ့ရတယ်။

၁၉၃၉ က ပါတီထောင်တော့ ပါတီဝင် အနည်းငယ်ကလေးပဲ ရှိပါတယ်။ ၅၀ မပြည့်ပါဘူး။ ဂျပန်ကို လူထုရော၊ ပါတီခေါင်းဆောင်တချို့ပါ မျှော်ကြတယ်။ လူထုရဲ့ ၉၉% က မျှော်တယ်ဆိုရင် လွန်မယ်မထင်ပါဘူး။ ပါတီက မျှော်တဲ့အထဲ မပါဘူး။ အင်္ဂလိပ်နဲ့ပေါင်းပြီး ဂျပန်ကို ဆန့်ကျင်ရမယ်လို့ပြောတော့ ပါတီက တကယ့်အထီးကျန် ဖြစ်တယ်။ ဒါကို "ဂုဏ်သရေရှိတဲ့ အထီးကျန်ဖြစ်မှု" လို့ ပါတီက သဘောထားပါတယ်။

အခုလည်း ဂျပန်ကိုမျှော်သလောက် မဟုတ်ပေမယ့် လူထုက အမေရိကန်ကို မျှော်ကြပြန်ပြီ။ ပါတီက ဘယ်တော့မှ မမျှော်ဘူး။ "ပြည်ချစ်ဝါဒလမ်းစဉ်" ကို တင်ပြနေတယ်။

"ပြည်ချစ်ဝါဒလမ်းစဉ်" ဆိုပြီး တင်ပြနိုင်တာ ၂၁ ရာစု အကူးကျမှပါ။ ၂၀ ရာစုရဲ့ နောက်ဆုံးဆယ်စုနှစ်မှာ ပါတီက ဒဏ်ရာကို ကုစားနေရတာပါ။ ၂၀၀၄ ခုနှစ်ကျမှ 'ဒီမို/၂၀၀၆' ကြံဆချက်ကို တင်ပြနိုင်ပါတယ်။ ဒီမို/၂၀၀၆ က လမ်းစဉ်မဟုတ်ပါဘူး။ NLD အတွက် အဖြည့်ခံခြေလှမ်းပါ။

ဒီမို/၂၀၀၆ ကလည်း ခတ်ကွင်းပြင်နေရတာက အများစုပါ။ အခုထိလည်း ခတ်ကွင်းပြင်နေရဆဲပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ကွန်မြူနစ်တစ္ဆေ အခြောက်ခံနေကြရလို့ပါ။ ပြည့်စုံအောင် အခန်းတခုဖွဲ့ပြီး တင်ပြပါမယ်။

<u>ကွန်မြူနစ်တစ္ဆေ</u>

'ဗကပ တစ္ဆေ' ကို စတင်ဖန်တီးသူက ဦးနု၊ ဦးကျော်ငြိမ်း ဆိုရှယ်လစ်စစ်အုပ်စု နေဝင်း မဆလ တို့ပါ။ သူတို့အကြောင်း မပြောတော့ပါဘူး။ ၈၈ အုံကြွမှု နောက်ပိုင်းမှာ 'ဗကပ တစ္ဆေ' နဲ့ ကိုင်ခြောက်သူက ဗိုလ်အောင်ကြီး (NLD) နဲ့ ဗိုလ်ခင်ညွန့် (SLORC) ပါပဲ။ ဗိုလ်အောင်ကြီး – ဗိုလ်ခင်ညွန့် ဗိုလ် ၂ ဗိုလ်ပဲ 'ငြိမ်းအဖွဲ့' တွေ ဖန်တီးတာပါ။ ဗကပ ကို တစမကျန် ချေမှုန်းကြ။ တယောက်မှ မကျန်စေနဲ့ဆိုတာ သူတို့ရဲ့ အမိန့်ပါ။ ဗိုလ်ခင်ညွန့်က 'ဗကပ ဟာ ကင်ဆာနဲ့တူတယ်။ ကင်ဆာဆဲလ် နည်းနည်းကလေး ကျန်နေရင် အပွားမြန်တယ်။ ဒါကြောင့် အားလုံးကို ရှင်းပစ်ရမယ်' လို့ 'ဗကပ ခွဲထွက်' တွေကို ညွှန်ကြားတယ်။ ဝ' ခေါင်းဆောင်တွေက ပန်ဆန်းမှာ ချန်နေရစ်တဲ့ ('စင်ပြိုင် ဗကပ ဗဟို' ထောင်ဖို့ စိတ်ကူးယဉ်နေတဲ့) သူတွေကို တရုတ်ပြည်ထဲ မောင်းထုတ်လိုက်တယ်။ ဒီအထဲမှာ ရဲထွန်းလေးရဲ့ (စင်ပြိုင်ဗဟို) စိုးနိုင်ရဲ့ (စင်ပြိုင်ဗဟို) ပါတယ်။ ရဲထွန်းလေးကတော့ မြန်မြန်လက်နက်ချသွားတယ်။ စိုးနိုင်တို့ရဲ့ ကွန်မြူနစ်ပါတီ (မြန်မာပြည်) ထင်ပါရဲ့၊ အဲဒါက တင့်ယိမ်းတို့ဆီအထိ ရောက်လာတယ်။ ကျွန်တော်တို့ကလည်း အဲဒီမှာ ခိုလှုံနေရတုန်းပါ။ စိုးနိုင်တို့က ပါတီနောက် လိုက်လာတယ်လို့ ဆိုတယ်။ ပါတီက သူတို့ကို (အကျိုးအကြောင်းမခိုင်လုံဘဲ ပါတီနဲ့ 'ဖ လ' ကင်းကွာနေတဲ့ပါတီဝင်ကို ပါတီက အလိုလို ပါတီဝင်စာရင်းက ဖယ်ထုတ်ပြီး ဖြစ်တယ်ဆိုတဲ့ ပါတီနည်းဥပဒေအရ စာရင်းက ဖယ်ထုတ်ပြီး ဖြစ်ကြောင်း။ ပါတီဝင်စာရင်းထဲ ပြန်ပါချင်ရင် တဦးစီက ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ချက် ရေးတင်ရမယ့်အကြောင်း ရှင်းပြတယ်။ တယောက်ကလွဲပြီး အားလုံးက မတင်ကြပါဘူး။ ပါတီဟာ သာလာယံဇရပ် မဟုတ်ဘူး။ ပစ္စည်းမဲ့တော်လှန်ရေးပါတီ ဖြစ်တယ်။ ဝင်စို့ထွက်စို့လုပ်လို့ မရပါဘူး။ သူတို့ ပန်ဆန်းမှာ 'ချန်' (ကျန်နေတာမဟုတ်။ ချန်နေရစ်တာ) နေတဲ့ အချိန်က 'ဖ လ' မကဘူး။ ပါတီသစ်ထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နေခဲ့တာပဲ။

သူတို့က ဆန်းစစ်ချက် မတင်ရုံမက ကွန်မြူနစ်ပါတီ (မြန်မာပြည်) ဆိုတာကို ထောင်ကြတယ်။ ဗဟိုကော်မတီ ဖွဲ့ကြတယ်။ ခင်ညွန့်ရဲ့ ညွှန်ကြားချက်ရထားတဲ့ တင့်ယိမ်းက မောင်းထုတ်ပြီး တရုတ်ပြည်ထဲ ပို့တယ်။

တရုတ်အာဏာပိုင်တွေက ကျွန်တော့်ကို "သူတို့ဟာ ဗကပ ပါတီဝင်တွေလား" လို့ မေးတယ်။ ကျွန်တော်က 'သူတို့ဟာ ဗကပ ပါတီဝင် တခါက ဖြစ်ခဲ့တယ်။ အခုတော့ စာရင်းက ပယ်ထားတယ်။ မဟုတ်တော့ဘူး' လို့ ရှင်းပြပါတယ်။ အဲဒီလိုနဲ့ ခင်ညွန့်ဆီကို လွှဲတာ သူတို့ခံလိုက်ရတာ ဖြစ်တယ်။ သူတို့နဲ့ အကြောင်းအားလျော်စွာ နောက်တော့ ပြန်တွေ့ပါတယ်။ သူတို့ကို မိတ်ဆွေဖြစ်သွားတဲ့ ရဲဘော်ဟောင်းများလို့ပဲ သဘောထားပါတယ်။

တဆက်တည်း ပြောပါမယ်။ မဆလ စစ်အုပ်စု အာဏာရှိနေတဲ့ ၁၉၆၂ က ၁၉၈၈ အထိ ကာလအတွင်းမှာ ပါတီဝင်ဖြစ်တဲ့သူ မနည်းပါဘူး။ မြို့ပေါ်မှာ မဆလ တောထဲမှာ ဗကပ ပဲ ရှိတဲ့ကာလကပါ။ နောက်တော့ ပါတီစုံ ထောင်ခွင့်ရတဲ့ကာလ ရောက်ပါတယ်။ ကြိုက်တဲ့ပါတီ ရွေးဝင်ခွင့် ပါတီက ခွင့်ပြုလိုက်ပါတယ်။ လက်နက်မချ၊ ရန်သူနဲ့မပေါင်းရင် မိတ်ဆွေပါပဲ။ နိုင်ဝင်းဆွေဟာ ပါတီရဲ့ ခွင့်ပြုချက်နဲ့ ယိုးဒယားသွားတာပါ။ ပါတီနဲ့အတူနေရင် အောင်ပွဲရမှာ မဟုတ်လို့ အောင်ပွဲရမယ့်ဆီ သွားခွင့်ပြုပါလို့ စာနဲ့ရေးပြီး ထွက်ခွင့်တောင်းသွားတာပါ။ သူ့စာရဲ့ ထိပ်မှာကိုက လူကြီးမင်းများခင်ဗျားလို့ အစချီပြီး အထက်ကပြောတဲ့ သူ့သဘောထားကို ရေးသွားတာပါ။ ထွက်စာတင်ပြီးထွက်တာ သူတယောက်ပဲ ရှိပါတယ်။ တချို့ကိုတော့ နှုတ်နဲ့တင်ပြတာကို ခွင့်ပြုလိုက်တာတွေပါ။ စာနဲ့လည်း မရေးချင်၊ နှုတ်နဲ့လည်း မပြောချင်လည်း ရပါတယ်။ ဗကပ မှာက 'အဝင်ခက်ပြီး အထွက်လွယ်စေရမယ်' ဆိုတဲ့မူ ရှိပြီးသားပါ။

အဝင်ခက်တယ်ဆိုတာက စိစစ်ပြီး တယောက်စီကို လက်ခံတာပါ။ ဒါက လီနင်ရဲ့မူပါ။ မားတော့ဗ်ရဲ့မူကို ဆန့်ကျင်တဲ့ လီနင်ရဲ့မူ ဖြစ်ပါတယ်။

မားတော့ဗ်ရဲ့မူက အဝင်လွယ်ပါတယ်။ ပါတီဦးဆောင်တဲ့ လူထုလှုပ်ရှားမှု၊ အလုပ်သမားသပိတ်၊ လယ်သမားတိုက်ပွဲတွေမှာ ပါတဲ့လူတွေတိုင်း ပါတီဝင်လို့ သတ်မှတ်တဲ့ 'မူ' ဖြစ်တယ်။

လီနင်ရဲ့မူက တဦးစီ လျှောက်လွှာတင်ရတယ်။ သူ့ဖြတ်သန်းမှုနဲ့ သန္နိဋ္ဌာန်ကို တင်ရတယ်။ အတွေးအခေါ်ဆန်းစစ်ချက်ကို တင်ပြရတယ်။ ကလာပ်စည်းက လက်ခံပြီး စမ်းသပ်ကာလ အရန်ပါတီဝင်ကာလတခု သတ်မှတ်ပြီး လက်ခံတယ်။ သတ်မှတ်ကာလပြည့်ရင် ထပ်မံစိစစ်ရတယ်။ အရန်ပါတီဝင်ကာလတခုကို ထပ်ပြီးဖြတ်သန်းခိုင်းတာ ရှိချင်ရှိမယ်။ အရန်ပါတီဝင်အဖြစ်တောင် ဆက်ပြီးလက်မခံနိုင်ရင် တခါတည်း ပယ်လိုက်တာ ရှိချင်ရှိမယ်။ ဖော်ပြချက်ကောင်းလို့ အရံကနေ ပါတီဝင်အပြည့် ဖြစ်ချင်ဖြစ်မယ်။

ပါတီမှာ လက်နက်ကိုင်တပ်သား သောင်းနဲ့ချီ ရှိဖူးတယ်။ လယ်သမားသမဂ္ဂဝင် သန်းနဲ့ချီ ရှိဖူးတယ်။ ဒါပေမဲ့ ဘယ်တုန်းက မဆို ပါတီဝင် ၃၀၀၀ ပတ်ဝန်းကျင်ပဲ ရှိခဲ့တာပါ။ ၁၉၈၉ အရေးနိမ့်မှုကြီးဖြစ်တော့ ပါတီဝင်ဟောင်းက နည်းနည်းပဲ ကျန်ပါတယ်။ အခု ပါတီဝင်သစ်ကို စတင်လက်ခံနေပါပြီ။ 'အဝင်ခက်မူ' နဲ့ပဲ လက်ခံပါတယ်။

<u>အနားယူတဲ့ခေါင်းဆောင်ကြီးများ</u>

၁၉၈၉ အရေးနိမ့်မှုကြီး ဖြစ်ပြီးနောက် နောက်ဆုံး ပီ/ဘီ အစည်းအဝေးမှာ တယောက်ပဲ ချန်ရစ်ပြီး တခြားခေါင်းဆောင်တွေ အနားယူဖို့ (မတတ်သာလို့) ဆုံးဖြတ်လိုက်ရပါတယ်။ ပါတီဗဟိုက U/G ဆင်းရမှာမို့ပါ။

ဂျပန်ခေတ်က U/G မှ U/G သို့ပါ။ လူတွေက ငယ်သေးတယ်။ မထင်ရှား မကျော်ကြားဘူး။ ဂျပန်ကလည်း နိုင်ငံခြားသားပဲ။ ဂျပန်ကင်ပေနဲ့ ထမင်းအတူစား၊ လက်ဖက်ရည် အတူသောက်နေလို့ ရတယ်။

အခုက A/S မှ U/G သို့ ဖြစ်တယ်။ A/S ကာလမှာ ကျော်ကြားနေကြပြီ။ အသက်ကလည်း ကြီးကြပြီ။ ထောက်လှမ်းရေး ကလည်း ဗမာပြည်သားတွေ။ ဒါကြောင့် မနားချင်ဘဲ နားကြတာပါ။ လူနားပေမယ့် အတွေးအခေါ် မနားပါဘူး။ ၁၉၈၅ ဗဟိုကော်မတီ အနားယူသူအားလုံး "နာယက အဖွဲ့ဝင်တွေပါ"။ သူတို့က ကြိုက်တဲ့အချိန် ကြိုက်တဲ့ကာလမှာ COC ကို အကြံပေးနေကြတာပါ။ သူတို့နာမည်ကို COC က ယူသုံးခွင့်လည်း ပြုထားကြတာပါ။ ဒါကြောင့်ပဲ သခင်ဗသိန်းတင် နာမည်ကိုယူပြီး ကျွန်တော်လုပ်ခဲ့တာတွေ ရှိတယ်။ လုပ်ပြီးမှ သူ့ကို အသိပေးပါတယ်။ အချိန်ရရင်တော့ သူ့ဆီအရင်တင်ပြပြီး လုပ်တယ်။ သူကွယ်လွန်ချိန်အထိပဲ။

ဗကပ မှာ တတိယနိုင်ငံ မရှိဘူး။ အထူးတာဝန်နဲ့ လွှတ်ချင်လွှတ်မယ်။ အဲဒါ အနည်းစုပဲ။ ဗကပ ရဲ့ အင်အား အားလုံးလောက်က ပြည်တွင်းမှာပါ။ နက်နက်ရှိုင်းရှိုင်း U/G လုပ်ပါတယ်။ ဒီလောက်ပဲ တင်ပြပါရစေ။
ရဲဘော်တို့

အားလုံးနဲ့ဆိုင်တဲ့ကိစ္စက ဗကပ ရဲ့ အမြင်သဘောထားပဲ ဖြစ်တယ်။ 'မှိုငြမ်းကိုးကားရန်မျှသာ' ဖြစ်ကြောင်း ထပ်ပြီး ပြောလိုပါတယ်။

### ၁၈ နှစ် နိဂုံးချုပ်
### (ဒုတိယပိုင်း)

(၁) 'နဝတ' ဟာ ၁၉၅၈ စက်တင်ဘာ အိမ်စောင့်အစိုးရတုန်းကလို ၁၉၆၂ မတ်လ "တော်လှန်ရေးကောင်စီအစိုးရ" တုန်းကလို နိုင်ငံရေးထိုးစစ်နဲ့ အာဏာရလာတာ မဟုတ်ပါဘူး။ ခံစစ်နဲ့ပါ။ ဒါပေမဲ့ ၁၈ နှစ် အတွင်းမှာ တစုံတရာအားဖြင့် တည်တည်ငြိမ်ငြိမ် မင်းလုပ်သွားခဲ့ပါတယ်။ ဘာ့ကြောင့်လဲ။ စစ်ဝါဒီစစ်အုပ်စုက စစ်အာဏာရှင်စနစ်ထိန်းသိမ်းရေးကို ပြတ်ပြတ်သားသား**လုပ်ဝံ့**လို့ ဖြစ်တယ်။

- မိမိတို့ဒီမိုကရေစီ အင်အားစုများက တညီတညွတ်တည်း မရှိခဲ့ဘူး။ ပြီးတော့ လစ်ဘရယ်ဝါဒီတွေက လစ်ဘရယ်ဒီမိုကရေစီရရှိရေးကို ပြတ်ပြတ်သားသား **မလုပ်ဝံ့**ဘူး။
- ဒ့ါကြောင့် နိုင်ငံရေးခံစစ်နဲ့ တက်လာတဲ့ စစ်အစိုးရက တဖြည်းဖြည်းချင်း နိုင်ငံရေးထိုးစစ်ယူလာနေတာပဲ။

(၂) ပြည်တွင်းအပြောင်းအလဲမှန်သမျှဟာ ပြည်တွင်းမှာ သူ့ဘက်ကိုယ့်ဘက် အင်အားအချိုးအစား ချိန်ခွင်လျှာပေါ်မှာ တည်ပါတယ်။ ၁၉၉၀ ခုနှစ်အထိ မိမိတို့က ထိုးစစ်အနေအထားကို ယူထားနိုင်တယ်။ နောက်ပိုင်းမှာတော့ အီနေတဲ့အဆင့် ရောက်တယ်။ အဲဒီကနေ နအဖ က ပြန်လှန်ထိုးစစ်ယူတဲ့အဆင့်သို့ ကူးပြောင်းသွားတယ်။ ဒီပဲယင်းအပြီးမှာ လမ်းပြမြေပုံ (RM) လုပ်လာတာဟာ ပြန်လှန်ထိုးစစ်ပဲ။

တကယ်တော့ "၁၈ နှစ် နိဂုံးချုပ်"ကို ကာယကံရှင်တွေပဲ လုပ်ရမှာပါ။ ဗကပ က ၁၉၈၈ နဲ့ ၁၉၈၉ ရဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လအထိ (တနှစ်ကျော်ပဲ) နိဂုံးချုပ် လုပ်နိုင်ပါတယ်။ 'ဒီမို ၂၀၀၆' ကတော့ NLD ကို တပ်ကူပေးတဲ့ စီမံကိန်းပါ။

၁ နှစ်နဲ့ ၂ လ အတွက် ဗကပ ရဲ့ နိဂုံးချုပ်။

- ၁၉၈၈ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လမှာ ပါတီဗဟိုနဲ့ ၄၈၂၈ က ရဲဘော်တချို့အတွင်းမှာ လမ်းစဉ်ဆိုင်ရာကွဲလွဲချက်တခု ရှိခဲ့ပါတယ်။ သူတို့က စစ်မြေပြင်ကဆိုတော့ လူထုရဲ့တက်ကြွမှုကို တိုက်ရိုက်ထိတွေ့ခံစားနေရတယ်။ ဒါကြောင့် 'သပိတ်စုံသူပုန်ထရေး' တိုက်ပွဲသဏ္ဍာန်လုပ်ဖို့ တင်ပြကြတယ်။ ဗဟိုက အဲဒီစဉ်းစားချက် မဖြစ်နိုင်ကြောင်း ရှင်းပြတယ်။ ကျေးလက်အခြေခံတဲ့ လက်နက်ကိုင်တိုက်ပွဲက အဓိက၊ မြို့ပေါ်က လူထုတိုက်ပွဲတွေက အရန်တိုက်ပွဲပဲ ဖြစ်သင့်ကြောင်း ရှင်းပြတယ်။ သဘောပေါက်ပုံ မရပါဘူး။ ဒီလို အတွေးအခေါ်ရှုပ်ထွေးတာက ဟိုအရင် ၁၉၈၈ မတိုင်မီကတည်းက လက်ဝဲအင်အားစု အချို့အတွင်းမှာ ရှိခဲ့တဲ့အယူအဆရဲ့ အဆက်ပဲဖြစ်တယ်။ သခင်လေးမောင်က လျှို့ဝှက်သင်တန်းတွေဘာတွေ ပို့ချပြီး ထူထောင်ထားတဲ့ အယူအဆဖြစ်တယ်။

  အဲဒီအယူအဆက 'လက်ဝှေ့ကြိုးဝိုင်းထဲ မဝင်ခင်ကတည်းက ပြိုင်ဘက်ကို ညာလက်နဲ့အလဲထိုး နောက်ကောက်ချမယ်၊ ဘယ်လက်နဲ့ အလဲထိုးချမယ်လို့ ဆုံးဖြတ်နေစရာ မလိုဘူး။ အခွင့်သာတဲ့လက်နဲ့ နောက်ကောက်ထိုးချလိုက်ဖို့ပဲ' ဆိုတဲ့ အယူအဆဖြစ်တယ်။ ဗကပ ရဲ့ ကျေးလက်အခြေခံတဲ့ သေနင်္ဂဗျူဟာကို တရားသေလို့ စွပ်စွဲချင်တာပါ။
- တိုက်ပွဲသဏ္ဍာန်ကို အဲဒီလိုတွေးခေါ်ပြီး လုပ်တာဟာ မှားပါတယ်။ ဗမာပြည်လက်တွေ့နဲ့ အံမဝင် လက်တွေ့မကျပါဘူး။ ရုရှားမှာလုပ်ခဲ့တဲ့ ၁၉၁၇ ခုနှစ်တုန်းက အောက်တိုဘာတော်လှန်ရေးရဲ့ တိုက်ပွဲသဏ္ဍာန်မျိုးကို စိတ်ကူးမယဉ်သင့်ပါဘူး။ ဗမာပြည်ရဲ့ အခြေအနေနဲ့ အကြောင်းအချက် မတူလို့ပါ။

  ရုရှားမှာက

  - ကမ္ဘာစစ်ကြီး ဖြစ်နေတယ်။ ဇာဘုရင် စစ်ရှုံးနေတယ်။ ဓနရှင်တွေခေါင်းဆောင်တဲ့ ဖေဖော်ဝါရီတော်လှန်ရေးက ဇာဘုရင်ကို ဖြုတ်ချထားပြီးပြီ။ ယာယီအစိုးရ တက်လုပ်နေတာက မင်ရှီဗစ်တွေ၊ ဆိုရှယ်လစ်တော်လှန်ရေး ဂိုဏ်းသားတွေ ဖြစ်နေတယ်။ ဒါက အခြေအနေဘက်က ပြောတာပါ။
  - အကြောင်းအချက်ဘက်ကပြောရင် ဗော်ရှီဗစ်တွေမှာ အလုပ်သမားတပ်နီ (Red Guards)၊ လယ်သမားတပ်နီ၊ တော်လှန်တဲ့ စစ်သားတပ်နီတွေ ရှိတယ်။ လက်နက်စက်ရုံကို သပိတ်မှောက်နေတဲ့ အလုပ်သမားသမဂ္ဂက အချိန်မရွေး သိမ်းနိုင်တယ်။ သိမ်းပြီး လူထုကို လက်နက်တွေ ဝေပေးနိုင်တယ်။ (အရှေ့မြောက်ဒေသ ရောက်ဖူးတဲ့ ရဲဘော်တွေ ဆိုဗီယက်ရုပ်ရှင် ကြည့်ဖူးတာပဲ) အဲဒီလို အကြောင်းအချက်ရှိလို့ ဆောင်းရာသီနန်းတော်ကို သိမ်းမိတာ ဖြစ်တယ်။ ၁၉၈၈ တုန်းက ကျွန်တော်တို့မှာ အဲဒီလို အကြောင်းအချက် မရှိပါဘူး။
- ဒါကြောင့် ပါတီဗဟိုက ဗမာပြည်လက်တွေ့နဲ့ ကိုက်ညီဖို့

  ၁ – ၈၈၈ တပ်မဟာ ဖွဲ့တယ်။ (၈၈ ခုနှစ် ဩဂုတ်လမှာဖွဲ့လို့ ၈ သုံးလုံး တပ်မဟာလို့ နာမည်ပေးတာပါ) သူက (မ ၃ လုံး) ဒေသသစ် ထူထောင်ဖို့ပဲ။ (မ ၃ လုံးဟောင်းက မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ တြိဂံ။ မ ၃ လုံးသစ်က မန္တလေး၊ မေမြို့၊ မိုးကုတ် တြိဂံ ဖြစ်တယ်။)

  ၂ – ABSDF ကို လက်နက်တသောင်း ကူညီထောက်ပံ့ဖို့နဲ့ ရှမ်းပြည်တောင်ပိုင်းမှ ABSDF ရဲဘော်တွေကို (သူတို့ရဲ့ တောင်းဆိုချက်အရ) လက်နက်တထောင် ကူညီဖို့ (သူတို့က ထိုင်းဘက်မဆင်းဘဲ ပန်ဆန်းတက်လာရင် မုချရမှာ ဖြစ်တယ်။ လက်နက်က အဆင်သင့် ဖြစ်နေတာပါ၊)

ဗဟိုက ဒီစီမံကိန်းကို တက်သုတ်ရိုက်ပြီး လုပ်ပါတယ်။ မြောက်ပိုင်းဌာနခွဲမှာ လက်နက်တွေပေးဖို့ ပြင်ထားပါတယ်။ ၈၈၈ တပ်မဟာက လားရှိုး မူဆယ်လမ်းကျော်ဖို့ပဲ ရှိတော့တယ်။ ဟိုဘက်ကလည်း စောင့်နေကြပြီ။ ရန်သူက မန္တလေးမြို့ပေါ်မှာ ခံစစ်ဖြစ်နေပြီ။ ချောချောမောမောချီတက်ပြီး အခြေချဖို့ပဲ။

**ဒါပေမဲ့** ကကောင်းတုန်း စင်ကျိုးပါတယ်။ ဖုန်တို့ ယန်တို့ရဲ့ ကိုးကန့်က ခွဲထွက်တယ်။ '၈၈၈' တပ်မဟာ ခေါင်းဆောင်တွေကို ဖမ်းတယ်။ လက်နက်ဖြုတ်တယ်။ (၁၉၈၉ မတ်လ) ဒီနေရာမှာ ရဲဘော်တွေကို အသိပေးစရာ ရှိတယ်။ အဲဒီတုန်းက

ဗဟိုမှာ အယူအဆ ၂ ခု ပေါ်ခဲ့တယ်။

ပထမတခုက "ဖုန်တို့ ခွဲထွက်တာဟာ တန်ပြန်တော်လှန်ရေးလုပ်တာဖြစ်လို့ ချေမှုန်းပစ်ရမယ်" ဆိုတဲ့အယူအဆ။

ဒုတိယတခုက "ဖုန်တို့ ခွဲထွက်တာဟာ သူတို့နဂိုလူမျိုးရေး နိုင်ငံရေးအဆင့်နေရာကို ပြန်သွားတာ ဖြစ်တယ်။ သူတို့နဲ့ စေ့စပ်အချိန်ဆွဲထားရမယ်။ ပါတီဗဟိုက ချမှတ်ထားတဲ့ အထက်မှာဖော်ပြတဲ့ '၈၈၈

တပ်မဟာ မ ၃ လုံး’ ရောက်ရေး” နဲ့ ရှမ်းပြည်တောင်ပိုင်းနဲ့ ABSDF ရဲဘော်တွေကို လက်နက်တပ်ဆင်ရေးကို အမြန်ဆုံးလုပ်ဖို့ ဖြစ်တယ်။ (ဖုန်တို့က စေ့စပ်ဆွေးနွေးချင်နေတာပါ။ သူတို့ ‘ဆရာကြီး’ တွေကလည်း စေ့စပ်စေချင်ပါတယ်။ စပြီးလည်း ဆွေးနွေးနေပါပြီ။)

ပထမအယူအဆကို အများစုကြီးက ဗဟိုရဲ့ တရားဝင်ဆုံးဖြတ်ချက်အဖြစ် ဆုံးဖြတ်ကြတယ်။ သိကြတဲ့အတိုင်း အားလုံး ခွဲထွက်ကုန်တယ်။ ‘တန်ပြန်တော်လှန်ရေးက တော်လှန်ရေးကို ချေမှုန်း’ တာ ခံလိုက်ရတယ်။ ဒါပေမဲ့ သွေးတစက်မှ မကျခဲ့ပါဘူး။ A/S ပါတီကနေ U/G ပါတီ ဖြစ်ခဲ့ရတယ်။

ဒါကြောင့် နောက်ပိုင်းမှာ ပါတီက ဘာမှဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ပါဘူး။ ၁၉၉၀ ရွေးကောက်ပွဲမှာ NLD ကို ပံ့အောပြီး မဲပေးကြဖို့နဲ့ မဲမကွဲစေဖို့ပဲ လုပ်နိုင်သလောက် လုပ်ခဲ့တယ်။

၁၉၈၉ မှာ ပါတီက သေလောက်တဲ့ဒဏ်ရာ ရလိုက်လို့သာ ‘နဝတ’ အသက်ရှူချောင်သွားတာပဲ။ ဒါက ပြည်တွင်းရေး အကြောင်းအချက်ပါ။ ပြည်ပရေးအကြောင်းအချက်ကလည်း နဝတ ကို တည်ငြိမ်သွားစေတယ်။ ဒီပြည်ပရေး အကြောင်းအချက်ကို ရှင်းလင်းတင်ပြပါမယ်။ တိုတိုပဲ အနှစ်ချုပ်ပြီး တင်ပြနိုင်မှာပါ။

- စစ်အေးခေတ်ဟာ တဖြောင့်တည်း ဖြစ်ခဲ့တာ မဟုတ်ပါဘူး။ ဆိုရှယ်လစ်ဂိုဏ်းဆိုတာလည်း တချိန်လုံးရှိနေတာ မဟုတ်ပါဘူး။ စစ်အေးခေတ်မှာ စစ်ပူ (ဒေသန္တရစစ်) ကလေးတွေဖြစ်တာ အာရှမှာချည်းပဲ။ ကိုရီးယားစစ်၊ ဗီယက်နမ်စစ်၊ ကမ္ဘောဒီးယားစစ်၊ အာဖဂန်စစ် စတာတွေအားလုံး အာရှမှာပဲ ဖြစ်ခဲ့တာပဲ။ စစ်မှာပါဝင်ပတ်သက် တာတွေကလည်း တသမတ်တည်း မဟုတ်ဘူး။ အခြေခံကျတဲ့ အပြောင်းအလဲတွေ ရှိတယ်။ ကိုးရီးယားစစ်နဲ့ ဗီယက်နမ်စစ် အစပိုင်းမှာ ဆိုဗီယက် တရုတ် တဂိုဏ်းတည်းပဲ။ နောက်တော့ တဖြည်းဖြည်း တဖက်စီ ဖြစ်နေကြတာပဲ။ ကမ္ဘောဒီးယားနဲ့ အာဖဂန်မှာဆိုရင် ရှင်းရှင်းပဲ။ တဖက်စီပဲ။
- စစ်အေးပွဲမှာ စစ်ရှုံးတာ ဘယ်သူလဲ။ ဆိုဗီယက်နဲ့ သူ့နောက်လိုက်တွေပဲ။ တရုတ်၊ ဗီယက်နမ်၊ ကျူးဘားက မရှုံးဘူး။ တရုတ်ကဆိုရင် ဂယိမ်းဂယိုင်ဖြစ်ပြီး ထိန်းညှိရတာတောင် မလုပ်ရဘူး။ ပြုပြင်ရေးနဲ့တံခါးဖွင့်လမ်းစဉ်ကို အရှိန်အဟုန်နဲ့တောင် လုပ်လိုက်နိုင်သေးတယ်။ ဘာ့ကြောင့်လဲ။ ဆိုဗီယက်နဲ့ လမ်းခွဲထားလို့ပဲ။ အမေရိကန်နဲ့ ရင်ကြားစေ့ထားနိုင်လို့ပဲ။ တံခါးဖွင့်တယ်ဆိုတာက ကိုယ်ဖွင့်ချင်တိုင်း ဖွင့်လို့ရတာ မဟုတ်ဘူး။ အတွင်းကလူ ဘယ်လောက်ပဲ ဖွင့်ချင်ဖွင့်ချင် အပြင်ဘက်က တွန်းပြီးပိတ်နေရင် ဖွင့်လို့မရပါဘူး။ ကျွန်တော်တို့က ဒီစစ်အေးခေတ် ဇာတ်သိမ်းပွဲမှာ ကြားချောင်အဖျားခတ်ခံလိုက်ရတာတာပါပဲ။
- ၁၉၈၉ မှာ ဗကပ ခွဲထွက်တွေ ပေါ်တာနဲ့ မဆိုင်းမတွ နဝတ အောက်ကို ရောက်သွားတာဟာလည်း မတော်တဆ ဖြစ်တာ မဟုတ်ပါဘူး။ စစ်အေးခေတ် ကုန်ဆုံးတာရဲ့ အဖျားခတ်ခံရတာပါ။ ဒီကိစ္စကို အကျယ်ရေးစရာ မလိုဘူး။ ရဲဘော်တွေသိပြီး ဖြစ်တယ်။ ပါတီကို “မိုးခိုသူ့ဒုက္ခ” အစွမ်းပြခံလိုက်ရတာပါ။

‘သေလောက်တဲ့ဒဏ်ရာ’ ဆိုတာ တင်စားတာ မဟုတ်ပါဘူး။ တကယ်ဖြစ်ခဲ့တာပါ။ ရဲထွန်းလေးလို၊ စိုးနိုင်လိုလူမျိုးက ပါတီစင်ပြိုင်ထောင်ဝံ့တာသာ ကြည့်ပါ။ သူတို့သာ မကဘူး။ စင်ပြိုင်ထောင်ဖို့ တခြားလုံးပန်းသူတွေလည်း ရှိသေးတယ်။ နေရာဒေသက အခွင့်မပေးလို့ လူစုမရလို့ မထောင်ဖြစ်တာပဲ။ ပန်ဆန်းနဲ့ပန်ဝါ ရောက်နေသူတွေကတော့ လူစုလို့ရလို့ ထောင်ဖြစ်ကြတာပဲ။

- ဒီလို ဘာ့ကြောင့်လုပ်ဝံ့ကြသလဲ။ လူမျိုးစု ‘ဗကပ’ ခွဲထွက်တွေ ပေါ်လို့ပဲ။
- ဘာကြောင့် သူတို့သက်ဆိုးမရှည်သလဲ။ ‘ဗကပ’ က အသက်ပြင်းလို့ပဲ။ တော်လှန်ရေးအစဉ်အလာ ရှိလို့ပဲ။ အာဇာနည်တို့ရဲ့ပါတီ ဖြစ်လို့ပဲ။ ပါတီစိတ်ဓာတ် ပြင်းပြသူတွေရဲ့ပါတီ ဖြစ်လို့ပဲ။

ဒဏ်ရာကျက်အောင် အချိန်အတော်ယူခဲ့ရပါတယ်။ ပါတီရဲ့ စဉ်ဆက်မပြတ်ခေါင်းဆောင်မှုကို ပါတီရဲ့ စည်းမျဉ်းနဲ့အညီဖြစ်ဖို့ အချိန် (၅) နှစ် ယူခဲ့ရတယ်။ အထူးကွန်ဖရင့်က ၁၉၉၄ ကျမှ ပြီးတယ်။ ဗဟိုစည်းရုံးရေးကော်မတီ (COC) ကို စည်းမျဉ်းနဲ့အညီ ရွေးကောက်တယ်။ COC ဟာ မျိုးဆက်ဟောင်း ဗဟိုကော်မတီဆီကနေ ခေါင်းဆောင်မှုတာဝန်ကို လက်လွှဲယူနေရတယ်။

အဓိကလုပ်နေရတာက လက်နက်ကိုင်တိုက်ပွဲ A/S ပါတီဖွဲ့စည်းလုပ်ရှားပုံနဲ့ လုံးဝကွဲပြားတဲ့ မြေအောက် U/G ပါတီဖွဲ့စည်းပုံ လှုပ်ရှားပုံဖြစ်အောင် ပြောင်းနေရတာဖြစ်တယ်။

နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုမှာ ဆိုဗီယက်ပုံစံ ကျဆုံးတာရယ်၊ တရုတ်ပုံစံကို အသစ်စမ်းသပ်လုပ်ဆောင် နေတာရယ်ကြောင့် သဘောတရားရှုပ်ထွေးမှုတွေ ရှိပါတယ်။ ပါတီဗဟိုက ညီအစ်ကိုကွန်မြူနစ်တွေဆီက သဘောတရားရေး အတွေးအခေါ်ရေးရာတွေကို စူးစမ်းလေ့လာတာ လုပ်ပါတယ်။ သဘောတရားငြင်းခုံတာကို မလုပ်သေးပါ။

ပြည်တွင်းဖောက်ချလုပ်ရေးကိုပဲ ဦးစားပေး လုပ်ပါတယ်။ သဘောတရားအရ အတွေးအခေါ်အရ ပါတီတည်ဆောက်ရေး၊ စည်းရုံးရေးကို အဓိကထားပါတယ်။ ဗမာပြည်ရဲ့ ပြည်တွင်းနိုင်ငံရေး လှုပ်ရှားမှုမှာ NLD ရဲ့ နိုင်ငံရေးကို အနှောင့်အယှက်မဖြစ်အောင် လုပ်ပါတယ်။ ပါတီကို မထိပါးသမျှ ပါတီက ဘယ်သူ့ကိုမှ ထိပါးတုံ့ပြန်မှာ မဟုတ်ပါဘူး။ သဘောတရားရေးရာမှာ လွတ်လပ်အေးချမ်းစွာ ကွဲလွဲခွင့် ရှိရမှာပါ။

'ကွန်မြူနစ်ဝါဒ ကျဆုံးပြီ။ ဗကပ ကျဆုံးပြီ' ဆိုတဲ့ အရေးအသားတွေကို (သဘောတရားမပါဘဲ) ဗလန်းရေးတာဆိုရင်တော့ ပါတီက ဥပက္ခာပြုပါတယ်။ စစ်အာဏာရှင်စနစ်ရဲ့ အာဏာစက်အောက်မှာ ခိုလှုံ (အားကိုး) ပြီး ကွန်မြူနစ်ဝါဒနဲ့ ဗကပ ကို တဖက်သတ်ထိုးနှက်နေတာဟာ သူရဲကောင်းလုပ်ရပ်လား၊ ဂုဏ်ယူစရာလားဆိုတာကိုတော့ ကိုယ့်ဘာသာ စဉ်းစားနိုင်ပါလိမ့်မယ်။

အနောက်တိုင်းရောက် ပုဂ္ဂိုလ်တချို့ကလည်း အင်တာနက်ကနေ ဗကပ ကို ထိုးနှက်တာ နည်းနည်းပါးပါးရှိပါတယ်။ စာပေးလာရင် အင်တာနက်တင်လာရင် ပါတီက ဖတ်ကြည့်ပါတယ်။ တုံ့ပြန်စရာလိုတယ်လို့ မထင်လို့ မတုံ့ပြန်ပါဘူး။ အရှိန်ကုန်ရင် ရပ်သွားမှာပါ။

'ဗကပ' က 'အတိတ်ကို အတိတ်မှာ ထားခဲ့ချင်တယ်' 'သမိုင်းအမွေဆိုးကို လက်ဆင့်ကမ်းပေးတဲ့အလုပ် မလုပ်ချင်ဘူး' 'ပြည်ပမှာနေပြီး အတိတ်ကသမိုင်း ပြန်လှန်တာဟာ ဇိမ်ခံမှုတမျိုးပဲ' လို့ ဆုံးဖြတ်ထားပါတယ်။ ဗမာပြည်တွင်းရေး ဖောင်းပေးတဲ့အလုပ် ဆိုရင် – ပြည်တွင်းဖောက်ချပြီး လုပ်မယ့်အလုပ်ဆိုရင်တော့ ဘယ်ပုဂ္ဂိုလ် ဘယ်အဖွဲ့အစည်းနဲ့မဆို လက်တွေ့ကျကျဆွေးနွေးဖို့ ပါတီက အသင့်ရှိပါတယ်။ပါတီရဲ့သဘောထားက အတိတ်က ကောင်းမွန်တဲ့အတွေ့အကြုံတွေကို ဆက်ခံ – တိုးချဲ့၊ ပစ္စုပ္ပန်ကို မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ သုံးသပ်ပြီး တောက်ပတဲ့ အနာဂတ်သို့ ချီတက်ချင်တာ ဖြစ်ပါတယ်။ အတိတ်က အမှားတွေ၊ ဂိုဏ်းဂဏတွေ၊ ပုဂ္ဂိုလ်ရေးတွေနဲ့ လုံးထွေးရစ်ပတ်နေတာ မဖြစ်ချင်ပါဘူး။ ပါတီတွင်းကိစ္စတွေမှာလည်း သေသူကို ရှင်သူကဆဲတဲ့ ခရုရှက်လုပ်ဟန်မျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး။ နိဂုံးချုပ်လုပ်တယ်ဆိုတာဟာ အမှန်ကိုရှာဖို့ပဲ ဖြစ်ရပါမယ်။ တော်လှန်ရေးကို တွန်းတင်ဖို့ပဲ ဖြစ်ရပါမယ်။ စည်းလုံးညီညွတ်မှုအသစ်ကို တည်ဆောက်တာပဲ ဖြစ်ရပါမယ်။ ရဲဘော်တွေနဲ့ မိတ်ဆွေတွေကို စိတ်နှလုံးမချမ်းမြေ့စေဘဲ ရန်သူကို အလုပ်အကျွေးပြုသလို လုပ်တာမျိုး ပါတီက ဘယ်တော့မှ မလုပ်ပါဘူး။

'လက်ကျန်ကွန်မြူနစ်' လို့ပြောပြော 'ကွန်မြူနစ်လက်သစ်' လို့ပြောပြော 'ဗကပ' က မနာပါဘူး။ တရုတ်ပြည် ဆန့်ကျင်ရေး၊ တရုတ်ကွန်မြူနစ်ဆန့်ကျင်ရေးမှာ 'ဗကပ' မပါရကောင်းလားဆိုပြီး ဆဲရေးတာကိုလည်း ဂရုမစိုက်ပါဘူး။ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ဗမာပြည်ရဲ့ပါတီဖြစ်လို့ 'ဗမာပြည် ပြည်ချစ်ဝါဒ' ကျင့်သုံးမယ်။ ကွန်မြူနစ်ပါတီဖြစ်လို့ နိုင်ငံတကာ့ဝါဒ ရှိတယ်။ ဒီ ၂ ခု အချိုးညီညီလုပ်သွားမှာပါ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) ထဲ ဗမာပြည်ပြဿနာ ရောက်တာနဲ့ပတ်သက်ပြီးလည်း ပြောစရာရှိပါတယ်။ ကုလသမဂ္ဂဆုံးဖြတ်ချက်ဖြစ်တဲ့ ပြည်တွင်းမှာ ပြည်တွင်းအင်အားစုတွေ စေ့စပ်ဆွေးနွေးရေးလုပ်ဖို့ တွန်းတာဆိုရင် ဘယ်သူလုပ်လုပ် လက်ခံမှာပဲ။ ဒါပေမဲ့ ဗမာပြည်ဖဲချပ်ကိုင်ပြီး အင်အားကြီးတွေ အာဏာလွန်ပွဲ ဆွဲကြတာဆိုရင်တော့ လက်မခံနိုင်ပါဘူး။ ပြည်ချစ်ဝါဒနဲ့ တုံ့ပြန်မှာပါ။ ဒါဟာ အပြတ်သားဆုံး ပြောတာပါ။

ပါတီရဲ့မျိုးဆက်ဟောင်းတွေ တဖြုတ်ဖြုတ်ကွယ်လွန်ကြပါပြီ။ ဒုတိယမျိုးဆက်က ခေါင်းဆောင်နေပါတယ်။ တတိယမျိုးဆက်ကို ပြင်ထားပါတယ်။ သွားရမယ့်ခရီးက ဝေးပါတယ်။ U/G ဘဝနဲ့ ဘယ်လောက်ကြာကြာ နေရနေရ နေနိုင်အောင်နဲ့ ဗမာပြည် တော်လှန်ရေး ဆုံးခန်းတိုင် လုပ်နိုင်အောင် ပြင်နေမှာပါ။

## နောက်ဆက်တွဲ(ခ)
## နိုင်ငံတကာ့အခြေအနေ

### (တစ်)

(၁) ဗမာပြည်နဲ့တိုက်ရိုက်ပတ်သက်လာနိုင်တဲ့ နိုင်ငံတကာ့အခြေအနေကိုပဲ ကွက်ပြီးအစီရင်ခံပါမယ်။ ကိုယ်နဲ့ မပတ်သက်နိုင်တဲ့ ကိစ္စတွေကို ရှောင်ထားပါတယ်။ လက်လှမ်းမမီ၊ လိုက်မမီနိုင်တဲ့ကိစ္စတွေ ဖြစ်လို့ပါ။ ပြီးတော့လည်း အခုခေတ်မှာ ဘယ်သူနဲ့မှ ရန်မပွားချင်လို့ပါ။ ကိုယ်နဲ့မပတ်သက်တဲ့ ကိစ္စတွေထဲ ဝင်ရှုပ်တာကို အမြော်အမြင်မရှိတဲ့လုပ်ရပ်လို့ပဲ ယူဆလို့ပါ။

"ခနုပုံပြင်" တခုနဲ့တော့ တူသလိုလိုဖြစ်မှာပါ။ "ခနုပုံပြင်" က ဒီလိုဆိုပါတယ်။ တောဝက်ခေါင်းဆောင်ဖိုလ်ကြီးက တောဝက်ပျိုတွေကို "တို့အကြောက်ရဆုံးက ခြေ '၂' ချောင်း နားရွက်တို" သတ္တဝါတွေပဲ" လို့ ပညာပေးသတဲ့။ တောဝက်ပျိုကလေးတွေက "အဲဒီ 'ခြေ ၂ ချောင်း၊ နားရွက်တို' ကို ပြစမ်းပါ" လို့ ပြောကြသတဲ့။ ဒါနဲ့ တောဝက်အိုကြီးက ရွာတခုအနီး ခေါ်သွားသတဲ့။ ရွာထဲက တောင်ယာသမားတဦး ပေါက်ပြားထမ်းလာတာတွေ့တော့ 'အဲဒါလား' လို့ မေးသတဲ့။ 'မဟုတ်ဘူး' လို့ ပြောသတဲ့။ အဲဒီလိုနဲ့ ယောကျ်ားတွေ၊ မိန်းမတွေ၊ ကလေးတွေ ထွက်လာတာလည်း 'မဟုတ်ဘူး' လို့ပဲ ပြောနေသတဲ့။ နောက်ဆုံးကျမှ လူတယောက် တူမီးသေနတ်ထမ်းပြီး ထွက်လာတော့ 'အဲဒါပဲ။ မှတ်ထား၊ တို့အကြောက်ရဆုံး ရန်သူက သူပဲ' လို့ ပြောသတဲ့။

ကျွန်တော်တို့လည်း အကြောက်ရဆုံးကိုပဲ သိထားဖို့ လိုပါတယ်။ "ခြေ '၂' ချောင်း၊ နားရွက်တို" တိုင်းကို ကြောက်နေဖို့ မလိုပါဘူး။ အနေတတ်ဖို့၊ အမြော်အမြင်ရှိဖို့သာ အဓိကပါ။

(၂) သမိုင်းအတွေ့အကြုံအရပြောရင် ပဒေသရာဇ်ခေတ်က ကျွန်တော်တို့ အိမ်နီးချင်းတွေက ကျူးကျော်လို့ ဒါမှမဟုတ် ကိုယ်ကသွားပြီး ကျူးကျော်လို့ စစ်တွေ တိုက်ခဲ့ဖူးပါတယ်။ တရုတ်ပြည်မှာ ဧကရာဇ်ဖြစ်နေတဲ့ မွန်ဂိုမင်း၊ တရုတ်ပြည်မှာ ဧကရာဇ်ဖြစ်နေတဲ့ မန်ချူးမင်းတွေရဲ့ ကျူးကျော်မှု ခံရဖူးတယ်။ တရုတ်နဲ့ကုလား စစ်ပွဲမဖြစ်ဖူးလို့ ကြားညှပ်တာ တခါမှ မခံရဖူးဘူး။ ခေတ်သစ်မှာ တရုတ် – အိန္ဒိယ ၁၉၆၂ စစ်ပွဲဖြစ်တော့တောင် ကြားမညှပ်ဘူး။ အိန္ဒိယ – အရှေ့ပါကစ္စတန် စစ်ဖြစ်တော့လည်း ကြားမညှပ်ဘူး။ အနေတတ်ရင် လွတ်ပါတယ်။

(၃) ခေတ်သစ်မှာ အင်္ဂလိပ်၊ ဂျပန် ကျူးကျော်မှုပဲ ခံရတယ်။ ဗမာပြည်သက်သက်ကိုပဲ ဦးတည်ပြီး စစ်ခင်းလာကြတာ မဟုတ်ပါဘူး။ စစ်လမ်းကျလို့ ဝင်ပြီးခလုတ်တိုက်ကြတာချည်း ဖြစ်ပါတယ်။ အင်္ဂလိပ်က တရုတ်ပြည်ချီတက်ဖို့၊ ဂျပန်က အိန္ဒိယ ချီတက်ဖို့ စစ်ထိုးလာတာပါ။ အဲဒီလို သေနင်္ဂဗျူဟာနဲ့ စစ်ထိုးလာရင်တော့ ဗမာပြည်ကရှောင်ဖို့ ခက်ပါတယ်။ ကိုယ့်အတွက် အခွင့်အသာဆုံးဖြစ်အောင် အဆိုးထဲက အကောင်းဖြစ်အောင် ကြံစည်ကြရမှာပါ။

ဘယ်လိုဘယ်ညာ 'ကြံစည်' မလဲဆိုတာကတော့ ပြောဖို့စောပါသေးတယ်။ အဲဒီအန္တရာယ်ကိုလည်း မမြင်ရသေးပါဘူး။

အဲဒီလို ဘာကြောင့်ပြောရဲသလဲဆိုတော့ –

– ချုကလီးယားပိုင်ရှင်အင်အားကြီးနိုင်ငံတွေ ထိပ်တိုက်မတွေ့ဝံ့ကြလို့ပါ။ သံခင်းတမန်ခင်းအရ၊ နိုင်ငံရေး၊ စစ်ရေး အသာစီးရအောင် လုပ်နေကြတယ်။ ဒီလို အခြေအနေရှိတာက အခုမှ မဟုတ်ပါဘူး။ ကြာပါပြီ။ နှစ် ၆၀ ရှိပါပြီ။ ရှေ့ကို မျှော်ခေါ်ကြည့်တော့လည်း ဒီလိုပဲ လုပ်နေကြဦးမှာပဲလို့ တွက်ပါတယ်။

– **အမေရိကန်။** မူဆလင်ကမ္ဘာမှာပဲ ဗျာများနေတယ်။ ခေတ်သစ်ခရူးဆိတ်စစ်ပွဲ အလုပ်နဲ့ အလုပ်ရှုပ်နေတယ်။ (ဘုရှ်က တခါမှာ ခရူးဆိတ်စစ်ပွဲလို့ နှုတ်လွတ်ခြေလွတ် ပြောဖူးတယ်) ခရစ်ယာန်တွေရဲ့ 'ခရူးဆိတ်' နဲ့ မူဆလင်တွေရဲ့ 'ဂျီဟတ်' တော်တော်နဲ့ ပြီးမယ့်ပုံ မပေါ်ပါဘူး။ ကာတွန်းစစ်ပွဲကလည်း 'ခရူးဆိတ်' တမျိုးပါပဲ။

– **ဂျပန်။** သူကလည်း အခုမှ အားစုရတုန်းပါ။ သူ့အနီးဝန်းကျင်မှာ နယ်မြေသိမ်းပိုက်ပြီးမှ အရှေ့တောင်အာရှဘက် ခြေဦးလှည့်ဝံ့တဲ့ အစဉ်အလာ ရှိပါတယ်။ နောက်ကျောမလုံရင် ရှေ့မတိုးဝံ့ပါဘူး။ ဟိုတုန်းက ကိုးရီးယား၊ ထိုင်ဝမ် (ဖော်မိုဆာ)၊ မန်ချူးရီးယား (တရုတ်ပြည်အရှေ့မြောက်ဒေသ) မှာ အခြေခံရပြီးမှ အရှေ့တောင်အာအာရှဘက်ကို တိုးချဲ့ခဲ့တာပါ။ အခု အဲဒီလိုဖြစ်ဖို့ မလွယ်ပါဘူး။ ကိုးရီးယားနဲ့ တရုတ်ကလည်း အင်အားချည့်နဲ့နေချိန် မဟုတ်ပါဘူး။ အင်အားပြည့်ဝနေကြတယ်။ ရုရှားဘက်ကိုလည်း အခုအရေးထားရချိန် ဖြစ်တယ်။ ဟိုတုန်းကလို (၁၉၀၅ ခုနှစ်) ရုရှားကို ဂျပန်က စစ်နိုင်ထားတာ မဟုတ်ဘူး။ ချူကလီးယားဗုံးဒဏ်လည်း သူပဲ ခံရဖူးတာပါ။ သူ့ပြည်သူက ချူကလီးယားစစ်ပွဲ အဖြစ်မခံနိုင်ပါဘူး။ ဂျပန် – တရုတ် ထိပ်တိုက်တွေ့စေချင်တဲ့ ဆန္ဒ အမေရိကန်မှာ ရှိပေမယ့် ဂျပန်ဒီလောက်မမိုက်ဝံ့ပါဘူး။ ပြည်သူတွေက ထိုင်ကြည့်နေမှာ မဟုတ်ဘူး။ ဟန့်တားမှာပါ။

– **အိန္ဒိယ။** သူကလည်း သူ့အခြေအနေအရ စစ်မလိုလားပါဘူး။ အမေရိကန်က တရုတ်နဲ့ ဘယ်လောက်ပဲ ရန်တိုက်ပေးနေနေ သူက အရဲမကိုးပါဘူး။ သူ့ကျောဘက်မှာ မူဆလင်ကမ္ဘာကြီး (ပါကစ္စတန်) ရှိနေပါတယ်။ တရုတ်နဲ့ စစ်တိုက်ရအောင်ကလည်း နယ်နိမိတ်ကိစ္စလောက်နဲ့တော့ မတိုက်ပါဘူး။ ၁၉၆၂ က တိုက်ကြတာဟာ တိဗက် ဒလိုင်လားမား ပြဿနာပါတယ်။ ဆိုဗီယက်ရဲ့ မြောက်ထိုးပင့်ကော်အခန်း အများကြီးပါတယ်။ အခု ရုရှားက အဲဒီလို ဝင်ပါဖို့ မရှိလှပါဘူး။ အိန္ဒိယရော တရုတ်ပါ စစ်ထတိုက်စရာအကြောင်း မရှိပါဘူး။ အဲဒီလောက်လည်း မမိုက်မဲကြဘူးလို့ ယူဆပါတယ်။

– **တရုတ်။** ဆိုဗီယက်ကို ဆိုရှယ်နယ်ချဲ့အဖြစ် တရုတ်ကွန်မြူနစ်ပါတီက သတ်မှတ်ခဲ့တာ ကြာလှပြီ။ "ဆိုရှယ်လစ်စကားပြောပြီး နယ်ချဲ့နေတာပဲ" လို့ မော်စီတုန်းက ပြောနေတာပဲ။ ပြီးတော့ အမေရိကန်နဲ့ ရင်ကြားစေ့ခဲ့တာပဲ။ ဒါကြောင့်လည်း ဆိုဗီယက် ပြိုလဲတော့ သူ့ကို မထိခိုက်ရုံမက အခွင့်အလမ်းကောင်းတောင် ပေါ်ခဲ့တယ်။ စစ်အေးလွန်ခေတ်မှာ စီးပွားရေးကို ဇောက်ချလုပ်ပြီး တဟုန်ထိုး တိုးတက်လာခဲ့တာ ဖြစ်တယ်။ "ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ အဓိက" "အခါအခွင့်ကောင်းကို အမိအရဆုပ်ကိုင်" ဆိုတဲ့ ကြွေးကြော်သံတွေ ထုတ်နေတာ ကျွန်တော်တို့ ကြားနေရတာပဲ။ အဲဒီလို တိုးတက်လာတော့ 'တရုတ်ကို ဒီအတိုင်း လွှတ်ထားရင် တို့ကို မီလာလိမ့်မယ်။ ရန်ရှာလာလိမ့်မယ်' လို့ အမေရိကန်က ယူဆလာတဲ့အထိ ဖြစ်ခဲ့တယ်။ ဒါကြောင့် ဂျပန်ဖဲချပ် ကိုင်ကစားလိုက်၊ ထိုင်ဝမ်ဖဲချပ် ကိုင်ကစားလိုက်၊ အိန္ဒိယဖဲချပ် ကိုင်ကစားလိုက်၊ သြစတြေးလျဖဲချပ် ကိုင်ကစားလိုက် လုပ်နေတာ ဖြစ်တယ်။

တရုတ်ပြည်ပါတီအတွက် ထိုင်ဝမ်ကိစ္စဟာ အကဲအဆတ်ဆုံးပြဿနာပါ။ ဒီပြဿနာကို ကျွန်တော်တို့က အေးအေးချမ်းချမ်း ပြေလည်စေချင်တယ်။ မပြေလည်ရင် (မုချပဲ) ဗမာပြည်က ကြားချောင် ဝင်ပါလာရမှာ ဖြစ်လို့ပဲ။

ဟိုတုန်းကလို KMT ကျူးကျော်မှုမျိုး မရှိနိုင်ပါဘူး။ ဒါပေမဲ့ 'ထိုင်ဝမ်ခွဲထွက်ရေး' က ဗမာပြည်နိုင်ငံရေးထဲ ဝင်မွှေလိမ့်မယ်။ ဝင်မွှေနိုင်တဲ့ ရေခံမြေခံလည်း အခုကတည်းက ရှိနေတာပဲ။

– **ထိုင်း။** သူ့ကိုလည်း ကျွန်တော်တို့ ထည့်တွက်ရလိမ့်မယ်။ (သန်းရွှေတို့ တကယ်ကြောက်နေတာက သူပဲ) သူက ရှုပ်ထွေးတဲ့ နိုင်ငံတကာ့ရေးရာမှာ ကစားတတ်တယ်။ ပါးတယ်။ လည်တယ်။ ဂျပန်ကို လမ်းဖွင့်ပေးခဲ့တာ သူပဲ။ အင်္ဂလိပ်နဲ့ဗမာ စစ်ဖြစ်တော့ (၁၈၂၄ မှာ) ဝင်ပြီး အမြတ်ထုတ်ချင်တာ သူပဲ။ ဆီးတိုး (SEATO) ရဲ့ အမာခံလည်း သူပဲ။ ဗီယက်နမ်စစ်၊ ကမ္ဘောဒီးယားစစ်မှာ ဝင်ပါသူလည်း သူပဲ။ သူ့ပြည်တွင်းမှာ ထိုင်းစစ်အုပ်စုဟာ ရေရှည်ပြန်အာဏာရလာရင် ဗမာစစ်အုပ်စုနဲ့ ထိပ်တိုက်တိုးစရာ ရှိတယ်။

ဟိုတလောက 'လေစစ် ပါးစပ်စစ်' စစ်ထိုးကြတုန်းက ပါတီက အတိအလင်း ကြေညာထားပြီးသားပါ။ ပရပ်ရှား (၇၂၁၈ဏီ) နဲ့ ပြင်သစ် (၁၈၇၀ – ၁၈၇၁ မှာ) စစ်ဖြစ်တုန်းက မာ့က်စ် အိန်ဂျယ်တို့ ရပ်တည်ခဲ့သလို လုပ်သလို လုပ်မယ်လို့ ပြောခဲ့ပြီး ဖြစ်တယ်။ ပိုပြီးရှင်းအောင် ပြောပါမယ်။ ဗမာပြည်မှာ စစ်အုပ်စုအစိုးရကို အရင်ဆုံး ဖြုတ်ချပစ်မယ်။ ဒီမိုကရေစီညွန့်ပေါင်းအစိုးရ ထူထောင်မယ်။

ပြီးမှ ထိုင်းနဲ့ ငြိမ်းချမ်းရေးစကား ပြောမယ်။ ဒါဟာ ပြည်ချစ်ဝါဒလုပ်နည်းပဲ။ မျက်ကန်းမျိုးချစ်ဝါဒ မဟုတ်ဘူး။

ဒီအခန်းကို နိဂုံးချုပ်စကားတခုနဲ့ အဆုံးသတ်ပါမယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ (၁) ဗမာပြည်ရဲ့ ပြည်ချစ်ဝါဒပါတီ ဖြစ်တယ်။ (၂) ကွန်မြူနစ်တို့ရဲ့ ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒီပါတီ ဖြစ်တယ်။

ဒီအခြေခံမူ '၂' ချက်ပေါ်ကနေပြီး မိမိရဲ့ လုပ်ငန်းများကို လုပ်သွားဖို့ပဲ။ နိုင်ငံတကာ့အခြေအနေကို ကြိုပြီးတွက်နိုင်စွမ်း ကျွန်တော်တို့မှာ မရှိပါဘူး။ ရှေ့မှာ ဘာဖြစ်မလဲ မပြောတတ်ပါဘူး။ အထက်က အခြေခံမူ '၂' ချက် ရှိနေရင် ကျွန်တော်တို့အတွက် လမ်းညွှန်အိမ်မြှောင် ရှိနေမှာပါ။ ဖြစ်ပေါ်လာသမျှ ဘေးအန္တရာယ်တွေကို ရှောင်ကွင်းပြီး လိုရာခရီးရောက်အောင် ပဲ့ကိုင်သွားနိုင်မှာ ဖြစ်ပါတယ်။

## (နှစ်)

ရှေ့မှာ နိုင်ငံတကာ့အခြေအနေ ရေးခဲ့တယ်။ နိုင်ငံတကာ့အခြေအနေဆိုတာ အင်အားကြီးနိုင်ငံတွေ ဖန်တီးကြတာပါ။ နိုင်ငံငယ်တွေက အရိပ်အခြေကြည့်ပြီး ကကြရမှာပါ။ ကိုယ်တွက်ထားသလို ဖြစ်ချင်မှ ဖြစ်တတ်တာပါ။

ကမ္ဘာ့အခြေအနေ ဖန်တီးတာက ဟိုတုန်းက ဥရောပကို ဗဟိုပြုပါတယ်။ အခု အာရှကို ဗဟိုပြုပါတယ်။ ဗမာပြည်က အနေတတ်ဖို့ အထူးလိုပါတယ်။

အခုကာလက ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို အားလုံးက ဘုရားလို ကိုးကွယ်နေကြတဲ့ ခေတ်ကြီးပါ။ ဘယ်လောက်တောင် ဖြစ်နေပြီလဲဆိုရင် ပုဂ္ဂလိကပိုင်တပ်တို့၊ ပုဂ္ဂလိကပိုင်ထောင်တို့အထိ တရားဝင်ရှိနေပါပြီ။ စီးပွားရေးခွင်ကိုကျော်ပြီး နိုင်ငံရေးခွင်အထိ ပုဂ္ဂလိကပိုင်ဆိုင်မှုက ရောက်နေပါပြီ။

ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု ကြီးမားကျယ်ပြန့်လေလေ ဆင်းရဲချမ်းသာကွာဟမှု ကြီးလေပါ။ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု ကြီးသွားအောင် အဟန့်အတားမရှိ လွတ်လွတ်လပ်လပ် လုပ်ကြတဲ့ခေတ်ကြီးဖြစ်လို့ ဆင်းရဲနဲ့ချမ်းသာကြားက ချောက် (ဂျောက်) ကမ္ဘာကြီးက ကြာလေ နက်လေကျယ်လေ ဖြစ်နေပါတယ်။

ကျွန်တော်တို့တိုင်းပြည်က ချောက်ရဲ့ဘယ်ဘက်အခြမ်းမှာလဲဆိုတာ ဘယ်သူမှ အငြင်းမပွားပါဘူး။ ကျွန်တော်တို့နဲ့ တဖက်ခြမ်းက တိုင်းပြည်တွေနဲ့ ဘယ်လောက် အကွာခြားကြီး ကွာခြားသွားပြီလဲဆိုတာကိုတော့ မဂ္ဂဇင်းဆောင်းပါးတွေမှာ ပါပါတယ်။ တည့်တည့်တော့ပြောနိုင်တာ မဟုတ်ပါဘူး။ သွယ်ဝိုက်ပြောပါတယ်။ သူတို့ကို ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ။

ကမ္ဘာကြီးမှာ တိုင်းပြည်ပေါင်း ၂၀၀ လောက် ရှိပါတယ်။ တချို့က ပိစိကွေးတိုင်းပြည်ကလေးတွေပါ။ သူတို့နဲ့သွားပြီး နှိုင်းယှဉ်စရာ မလိုပါဘူး။

နှိုင်းယှဉ်မယ်ဆိုရင် ပိုလန်နဲ့နှိုင်းယှဉ်တာ ကောင်းပါတယ်။ ဥရောပဗဟိုပြုတဲ့ ခေတ်ကြီးတုန်းကဆိုရင် ပိုလန်ဟာ အင်အားကြီး နိုင်ငံတွေကြားမှာ ဝင်ခလုတ် ထွက်ခလုတ် အတိုက်ခံရပါတယ်။ အရှေ့ဥရောပ နိုင်ငံတွေအထဲမှာ သူက အနာဆုံးပါ။ ဗမာပြည်ကလည်း ဒုတိယကမ္ဘာစစ်ကြီးတုန်းက အရှေ့တောင်အာရှမှာ အနာဆုံးပါ။

အခု အာရှဗဟိုပြုတဲ့ခေတ်ကြီးမှာ ပိုလန်ကံကြမ္မာမျိုး ဗမာပြည် မတိုးမိစေဖို့ သတိထားရပါမယ်။ မျက်မွေးတဆုံး မကြည့်ဘဲ တမျှော်တခေါ်ကြည့်ပြီး လုပ်ရှားကြဖို့ လိုပါတယ်။

ဗမာပြည်ရဲ့ နိုင်ငံရေးက ဇာတ်မျောကြီးဖြစ်နေတော့ အတိုကြည့်ပြီး တချို့က ပြောကြပါတယ်။ လုပ်ကြပါတယ်။ ကျွန်တော်တို့ ကိုလည်း 'တရုတ်ပြည်ကို ကာကွယ်လှချေလား' လို့ စကားတင်းဆိုကြပါတယ်။ ပါတီရဲ့ သဘောထားကို အရှင်းဆုံးပြောပါမယ်။ ဗမာပြည်ကို ကာကွယ်နေတာပါ။ အမြင်ကျယ်ကျယ် တမျှော်တခေါ်ကြည့်ပြီး လုပ်နေတာပါ။ ကျွန်တော်တို့လည်း အမြင်တိုဖူးပါတယ်။ အထင်ရှားဆုံးက ၁၉၅၀ ခုနှစ် ကိုးရီးယားစစ်ပွဲ ဖြစ်တုန်းကပါ။ '၂ နှစ် အတွင်း စစ်နိုင်ရေးလမ်းစဉ်' ကို ဆန္ဒစွဲနဲ့ ချမှတ်ခဲ့ဖူးပါတယ်။

ကျွန်တော်တို့သာ မဟုတ်ပါဘူး။ KMT စစ်ပြေးတွေလည်း သွေးကြွပါတယ်။ တရုတ်ပြည်ကြီးကို "အောင်တပ်မတော်ကြီး" နဲ့ ချီတက်သိမ်းပိုက်ရတော့မလိုလို ထင်ခဲ့ပါတယ်။

ပါတီရဲ့ နောက်ပိုင်းလမ်းစဉ်တွေမှာလည်း အမေရိကန်ကျူးကျော်မှုကို ခုခံစစ်ပဲ တိုက်ရတော့မလိုလို၊ ဆိုရှယ်နယ်ချဲ့ပဲ တိုက်ရတော့မလိုလို ပါလေ့ရှိတယ်။ ဒါဟာ တကယ့် အဖြစ်မှန်နဲ့ မကိုက်ပါဘူး။ ကျွန်တာ်တို့က အာဏာရပါတီရဲ့ လမ်းစဉ်ကို ပုံတူ ကူးချသလို မလုပ်သင့်ပါဘူး။ တရုတ်ပြည်ကွန်မြူနစ်ပါတီက သူ့အခြေအနေအရ သူ့လမ်းစဉ်ချမှာပါ။ ဗမာပြည်က

ဗမာပြည်အခြေအနေ အရ ချရမှာပဲ။ ဒါကြောင့်ပဲ တိုင်းပြည်က ၂ ပြည်၊ ပြည်သူက ၂ ရပ်၊ ပါတီက ၂ ခုလို့ အကြိမ်ကြိမ်ပြောနေတာပါ။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ 'ဗကပ' က အကျပိုင်း ရောက်နေချိန်တုန်းက တရုတ်ကွန်မြူနစ်ဆန့်ကျင်ရေး၊ တရုတ်ပြည်ဆန့်ကျင်ရေးမှာ 'ဗကပ' က သူတို့နဲ့ တသံတည်း မထွက်ရကောင်းလားဆိုပြီး အမနာပပြောတာ ခံခဲ့ရဖူးပါတယ်။ ကျွန်တော်တို့က အမေရိကန်တီးဝိုင်းဆရာရဲ့ တုတ်တံကလေး ညွှန်ကြားတဲ့အတိုင်း တီးခတ်နေတဲ့ သံစုံတီးဝိုင်းမှာ ဘယ်တော့မှ 'ဗကပ' မပါဘူးဆိုတာကို တိုးတိုးတိတ်တိတ် ရှင်းပြခဲ့ရပါတယ်။ နိုင်ငံတကာ့ကစားဝိုင်းမှာ ၁၉၄၁/၄၂ တုန်းကလို 'ဗကပ' က မအူမလည်နဲ့ ဝင်ပါတာမျိုး လုပ်ရမယ့်အရွယ် မဟုတ်တော့ပါဘူး။ အသက်ကြီးမှ သူငယ်ပြန်ရင် ပုံမှန်မဟုတ်တော့ပါဘူး။ တမျှော်တခေါ် မျှော်ကြည့်တတ်ပါပြီ။ နိုင်ငံတကာ့ဗဟုသုတ ရှိနေပါပြီ။ နိုင်ငံကြီးတွေရဲ့ ပရိယာယ်ကို တစုံတရာ တွက်တတ်ပါပြီ။ လူကြီးတွေရန်ပွဲမှာ ကြားမညှပ်အောင် နေတတ်မှ ဗမာပြည်ကိုချစ်ရာ ကျပါတယ်။ နိုင်ငံတကာ့ခွင်ဇာတ်ရှုပ်ကြီးထဲမှာ ဗမာပြည်ရဲ့ အကျိုးစီးပွားကို ကာကွယ်နေရပါမယ်။

ရဲဘော်တွေကို တိုက်တွန်းချင်တာက ၁၉၃၃ ကနေ ၁၉၃၉ အထိ ပိုလန်နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံကြီးတွေရဲ့ ကစားကွက်ကို လေ့လာစေချင်ပါတယ်။ ပိုလန်ရဲ့ အကျယ်အဝန်းနဲ့ ဗမာပြည်အကျယ်အဝန်း မတူပါဘူး။ ဗမာပြည်က ၂ ဆမက ကြီးပါတယ်။ လူဦးရေကတော့ မတိမ်းမယိမ်းပါ။ ဒါပေမဲ့ ပိုလန်ရဲ့ဒုက္ခနဲ့ ဗမာပြည်ဒုက္ခ ယှဉ်လို့ ရပါတယ်။

ပါတီအသက် '၆၆' နှစ် မွေးနေ့အစီရင်ခံစာမှာ 'သူတို့တွေးသလို မတွေးလို့၊ သူတို့လုပ်သလို မလုပ်လို့ မကြည်ပါဘူး။ ကျွန်တော်တို့က သူတို့လို မဟုတ်ဘူး။ သူတို့လို မလုပ်နိုင်ပါဘူး။ ခွင့်လွှတ်ကြစေချင်ပါတယ်' လို့ ရေးခဲ့ပါတယ်။ အခု အစီရင်ခံစာမှာ ပိုပြည့်စုံအောင် ရေးလိုက်တာပါ။

ဗမာပြည်ပြဿနာ ကုလသမဂ္ဂ လုံခြုံရေးအမြဲတမ်းကောင်စီ UNSC ရောက်ရင် ပြေလည်မယ်လို့ အခုထင်နေကြပြန်ပါပြီ။ ဟိုတုန်းကလို သံစုံတီးဝိုင်းထဲမှာ လင်းကွင်း (လင်္ကွင်း) ကြီးကိုင်ဖို့ မပြောတော့ပါဘူး။ UNSC မှာ တရုတ်ပြည် ဘယ်လိုရပ်ခံမလဲ ဆိုတာကို ကျွန်တော်တို့ မသိပါဘူး။ သိပ်ပြီး စိတ်လည်းမဝင်စားပါဘူး။ UNSC ရောက်တိုင်းသာ ပြဿနာပြေလည်ရင် ပါလက်စတိုင်း အစ္စရေးလ်ကိစ္စ ပြေလည်တာ ကြာနေလောက်ပါပြီ။ UNSC ဟာ စကားပြောဆိုင်သက်သက် မဟုတ်ပါဘူး။ အင်အားကြီးတွေချင်း အားပြိုင်ရာ၊ အမှတ်ယူရာ နေရာစင်မြင့်လည်း ဖြစ်ပါတယ်။ ဗမာပြည်ပြဿနာ အဲဒီဝိုင်းထဲ ရောက်သွားရင် ကိုယ့်ကိစ္စက ပျောက်သွားပြီး သူတို့ချင်း စစ်ထိုးပွဲပဲ ဖြစ်နေမှာပါ။ UNSC ရဲ့ စည်းမျဉ်းကိုက အင်အားကြီးသူအချင်းချင်း အလဲထိုးနောက်ကောက်ချဖို့ စည်းမျဉ်း မဟုတ်ပါဘူး။ အမှတ်ယူကြဖို့ တပွဲပြီးတပွဲ ဆက်တိုက်ထိုးနေကြဖို့ ရေးဆွဲထားတဲ့ စည်းမျဉ်းပါ။

အမေရိကန်က ပိုင်းဖြတ်ချက်ရှိရှိ လုပ်တော့မယ်ဆိုရင်တော့ (နောက်ကောက်ချတော့မယ်ဆိုရင်) UNSC စည်းဝိုင်းပြင်ဘက်က လုပ်မှာပါ။ အီရတ်ပြဿနာ ကြည့်ပါ။

အခုတော့ အမေရိကန်က ဗမာပြည်ပြဿနာကို UNSC ထဲရောက်အောင် လုပ်နေတာပဲ။ အမှတ်ယူဖို့အတွက် ရေရှည် ထိုးဖို့အတွက် လုပ်နေတာပဲ။ ကျွန်တော်တို့က စောင့်နိုင်ကြမလား။ ဘောလ်တစ် '၃' နိုင်ငံလို ဆယ်စုနှစ်တွေချီပြီး စောင့်နိုင်ကြမလား။ စောင့်သင့်သလား။ ရဲဘော်တွေ စဉ်းစားဖို့ပါ။